# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၃၅)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
## (၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန် ၊ **၁၀ း ၀၀ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၃၅) ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**[**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။**]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၄၁၂ ဦးတက်ရောက်ပါတယ်။ အစည်းအဝေး သို့တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၅.၅၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထ မြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း အစည်းအဝေးကို ဆက်လက် ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့ ၂၉-၈-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူလွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော်ဦးအေးမြင့်မှ စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တွင် တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး ယခင် ခွင့်ပန်ကြားသူ ၆ ဦးရှိပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၁၃ ဦးရှိ၍ စုစုပေါင်းကိုယ်စားလှယ် ၁၉ ဦး ခွင့်တောင်းခံထားပါတယ်။ ယနေ့ခွင့်တိုင်ကြားသူ ၁၃ ဦးတွင် ကျန်းမာရေးမကောင်းခြင်းနှင့် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် ၁ ရက်တိုင်ကြားသူကိုယ်စားလှယ် ၉ ဦး၊ ခွင့် ၂ ရက်

တိုင်ကြားသူကိုယ်စားလှယ် ၁ ဦး၊ ခွင့် ၃ ရက်တိုင်ကြားသူကိုယ်စားလှယ် ၃ ဦး၊ စုစုပေါင်း ၁၃ ဦး ရှိပါတယ်။ ကိုယ်စားလှယ် ၁၃ ဦးမှာအောက်ပါအတိုင်းဖြစ်ပါတယ်-

(၁) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဘဌေး၊

(၂) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း၊

(၃) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်၊

(၄) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည်၊

(၅) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း၊

(၆) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့်၊

(၇) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော်၊

(၈) ခလရ(၄၈) မှ ဗိုလ်မှူးတင်ကျော်ဦး၊

(၉) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ၊

(၁၀) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်၊

(၁၁) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး၊

(၁၂) ဒဂုံမြို့သစ်တောင်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်စုစုလှိုင်၊

(၁၃) ကံမမဲဆန္ဒနယ်မှ ဦးပိုက်ထွေးတို့သည် ခွင့်အသီးသီး တင်ပြလာပါတယ်။

အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၁၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို

လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**Custom Duty ပေးဆောင်၍ တာချီလိတ်၊ ကျိုင်းတုံ၊ တောင်ကြီး၊ မန္တလေး၊ ရန်ကုန်သို့ တစ်ဖက်နိုင်ငံမှ ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရောင်းဝယ်ရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်းနှင့် မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ လွိုင်လင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ နိုင်ငံတော်ရဲ့ စီးပွားရေး အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ဈေးကွက်စီးပွားရေး စနစ်သို့ ကူးပြောင်းကျင့်သုံးဆောင်ရွက်လာကြပြီဖြစ်ပါတယ်။ ပို့ကုန်သွင်းကုန်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ကုန်သည်ကြီးများမှသိရှိလိုက်နာကြခြင်းဖြင့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးကို များစွာ အထောက်အကူပြုစေမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နယ်စပ်ဒေသကုန်သွယ်ရေးလုပ်ငန်းများအတွက် ပို့ကုန်သွင်းကုန်ဆိုင်ရာကိစ္စရပ်များကိုဆောင်ရွက်ရာတွင် ချောမွေ့လွယ်ကူမြန်ဆန်စေရန် ရည်ရွယ်၍ ဒေသခံရောင်းဝယ်ခရီးသွားကုန်သည်များ၏ သဘောဆန္ဒအရ အောက်ပါမေးခွန်းတစ်ရပ်ကို မေးမြန်း

လိုပါတယ်ခင်ဗျား။ တစ်ဖက်နိုင်ငံမှ ကုန်ပစ္စည်းများကို တာချီလိတ်၊ ကျိုင်းတုံ၊ တောင်ကြီး၊ မန္တလေး၊ ရန်ကုန်စသည့်မြို့များသို့ သယ်ယူပို့ဆောင်ရောင်းဝယ်ရန်အတွက်ကျသင့်သော Custom Duty ပေးဆောင်ထားသော စာရင်းစာရွက်စာတမ်းများကိုင်ဆောင်၍ တာချီလိတ်မှ ကျိုင်းတုံသို့လည်းကောင်း၊ ကျိုင်းတုံမှ တောင်ကြီးသို့လည်းကောင်း၊ တောင်ကြီးမှ မန္တလေးသို့လည်းကောင်း၊ တောင်ကြီးမှ ရန်ကုန်သို့လည်းကောင်း လမ်းခရီးချောမွေ့စွာ သယ်ယူပို့ဆောင်ရောင်းဝယ်ရန်အတွက် မည်သို့ဆောင်ရွက်ရမည်ကိုသိလိုပါ၍ ပြန်လည်ဖြေကြားပေးနိုင်ပါရန် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပါစေကြောင်း ရှေးဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်မှာတာဝန်ဖြင့် ရှမ်းပြည်နယ်သို့ခရီးသွားနေပါသဖြင့် ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီးမှ ရှမ်းပြည်နယ်၊ လွိုင်လင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ၏ တဖက်နိုင်ငံမှ ကုန်ပစ္စည်းများကို တာချီလိတ်၊ ကျိုင်းတုံ၊ တောင်ကြီး၊ မန္တလေး၊ ရန်ကုန်မြို့များသို့သယ်ယူပို့ဆောင်ရောင်းရန်အတွက် ကျသင့်သော Coustom Duty ပေးဆောင်ထားသော စာရွက်စာတမ်းများကိုင်ဆောင်၍ တာချီလိတ်မှ ကျိုင်းတုံသို့လည်းကောင်း၊ ကျိုင်းတုံမှ တောင်ကြီးသို့လည်းကောင်း၊ တောင်ကြီးမှ မန္တလေးသို့လည်းကောင်း၊ တောင်ကြီးမှ ရန်ကုန်သို့လည်းကောင်း လမ်းခရီးချောမွေ့စွာ သယ်ယူပို့ဆောင်ရောင်းဝယ်ရန်အတွက် မည်သို့ဆောင်ရွက်ရမည်ကိုသိလိုပါကြောင်း မေးမြန်းခြင်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် တစ်ဖက်ထိုင်းနိုင်ငံမှတင်သွင်းမည့်ပစ္စည်းများသည် တင်သွင်းခွင့်ပြုသည့်ကုန်ပစ္စည်းများဖြစ်ပါက တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရားဝင်သွင်းကုန်လိုင်စင်ထုတ်ပေးလျက်ရှိပါသည်။ အဆိုပါ သွင်းကုန်လိုင်စင်ရရှိပြီးသော

ကုန်ပစ္စည်းများအားတင်သွင်းလာသည့်အခါ သက်ဆိုင်ရာကုန်ပစ္စည်းစစ်ဆေးသည့် အကောက်ခွန်ဦးစီးဌာနမှ ကုန်ပစ္စည်းများအားစစ်ဆေးပြီး ကျသင့်သည့်စည်းကြပ်တန်ဖိုးများ၊ အခွန်များကောက်ခံ၍ တရားဝင်တင်သွင်းခွင့်ပြုပေးလျက်ရှိပါတယ်။ နယ်စပ်ကုန်သွယ်ရေးစခန်းများအား ဖြတ်သန်း၍ ကုန်သွယ်မှုအလို့ငှာ ပြည်တွင်းဒေသအသီးသီးသို့ တင်သွင်းသယ်ဆောင်ရောင်းဝယ်မည့် ကုန်ပစ္စည်းများအား ပုံမှန်ကုန်သွယ်မှုစနစ်အရ လိုင်စင်၊ ပါမစ်ထုတ်ပေးပြီး ပုံမှန်ကုန်သွယ်မှုလုပ်ငန်းစဉ်များအတိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ တင်သွင်းရာလမ်းကြောင်းတစ်လျှောက်ရှိ အကောက်ခွန်ရုံးစိုက်ရာမြို့များတွင် စာရွက်စာတမ်းအထောက်အထားမှန်ကန်မှုရှိ၊ မရှိစစ်ဆေးခြင်းနှင့် ကုန်ပစ္စည်းမှန်၊ မမှန်အကြမ်းဖျင်းစစ်ဆေးခြင်းသာဆောင်ရွက်ပြီး ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ စစ်ဆေးမှုကြန့်ကြာချိန်များကိုလျှော့ချလိုပါက ကုန်ပစ္စည်းများကို Box Truck Container များဖြင့် သယ်ဆောင်ရမည်ဖြစ်ပြီး စတင်တင်သွင်းသည့်နေရာတွင် အကောက်ခွန်အရာရှိမှ စစ်ဆေးချိတ်စည်းထိုးဆောက်ရွက်ပြီးလျှင် လမ်းခရီးတစ်လျှောက် ချိတ်စည်းပျက်၊ မပျက်သာစစ်ဆေးမှုခံယူပြီး ခရီးဆုံးနေရာနှင့် နီးစပ်ရာအကောက်ခွန်ရုံးများ၏အစီအစဉ်ဖြင့် ချိတ်စည်းဖွင့်လှစ်ခြင်းနည်းလမ်းဖြင့်ဆောင်ရွက်နိုင်ပါသည်။ တရားဝင်သွင်းကုန်လိုင်စင်ဖြင့် တင်သွင်း၍ အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်သည့်စည်းကြပ်တန်ဖိုးများပေးဆောင်ပြီးသည့် ကုန်ပစ္စည်းများအား ခွင့်ပြုသတ်မှတ်လိုင်စင်သွင်းကုန်ကြေညာရာ Import Declaration စာရွက်စာတမ်းတို့နှင့် သယ်ဆောင်ပါက မြန်မာတစ်နိုင်ငံလုံးရှိ ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်များသို့ လွတ်လပ်စွာ သယ်ယူရောင်းဝယ်ခွင့် ပြုပေးလျက်ရှိပါတယ်။ အချို့နယ်စပ်များမှာ နယ်စပ်တံတားဂိတ်ပေါက်များမှ ဖြတ်သန်း၍ ဒေသတွင်းစားသုံးရန်ပစ္စည်းများအဖြစ် သယ်ဆောင်ဝင်ရောက်လျက်ရှိသည်။ ကိုယ်ပိုင်သုံး တစ်နိုင်တစ်ပိုင်ကုန်ပစ္စည်းများအပေါ် ဖြတ်သန်းခ၊ ဝန်ဆောင်ခအဖြစ် ပစ္စည်းတန်ဖိုး၏ ၃ ရာခိုင်နှုန်းအား အခွန်ကောက်ခံ၍ ကန့်သတ်ကုန်ပစ္စည်းများနှင့် တားမြစ်ကုန်ပစ္စည်းများမှအပ လူသုံးကုန်ပစ္စည်းများ၊ အိမ်သုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများကို ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် သယ်ဆောင်ခွင့်ပြုပေးလျက်ရှိပါတယ်။ အဆိုပါ တစ်နိုင်တစ်ပိုင်၊ တစ်ကိုယ်ရေသုံး ပစ္စည်းများ အကောက်ခွန်ပေးသည်ဆိုရာတွင် သယ်ဆောင်ရာနယ်စပ်အသီးသီးတွင် ဖွင့်လှစ်ထားသော နယ်စပ်ကုန်သွယ်ရေးစခန်းများအား ကျော်လွန်သယ်ဆောင်ခွင့်မပြုပဲ ဒေသတွင်းသုံးစွဲရန်အတွက်သာ တင်သွင်းသယ်ဆောင်ခွင့်ပြုပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**တောင်သူလယ်သမားများစိုက်ပျိုးထုတ်လုပ်သည့် သီးနှံဈေးနှုန်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ ။** ။ မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကိုကိုလွင်(မော်လမြိုင်ကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မော်လမြိုင်ကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးကိုကိုလွင်အနေဖြင့် ပြည်သူ့လွှတ်တော်သို့ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် သီးနှံဈေးနှုန်းနှင့်စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းလိုပါတယ်။ မေးမြန်းရတဲ့အကြောင်းအရင်းမှာ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇-၉-၂၀၁၁ ရက်နေ့တွင် ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်တင်သွင်းခဲ့သော မြန်မာနိုင်ငံတွင်အဓိကစားသုံးသီးနှံဖြစ်သည့် စပါးနှင့် ပြည်ပဈေးကွက်ဝင်သီးနှံများဖြစ်သော ပဲမျိုးစုံတို့နှင့်ပတ်သက်၍ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေး၊ ပြည်ပပို့ကုန်တိုးမြှင့်စေရေးနှင့် ဖြစ်ပေါ်နိုင်သောပြည်တွင်းဈေးနှုန်း၊ ပြည်ပဈေးနှုန်းအခြေအနေများ၊ ကုန်သွယ်မှုပြုကြသော အဖွဲ့အစည်းများအနေဖြင့်သော်လည်းကောင်း၊ သီးနှံအထူးပြုကုမ္ပဏီများအနေနဲ့သော်လည်းကောင်း၊ ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက် အချိန်ကာလသတ်မှတ်၍ အနိမ့်ဆုံးဈေးနှုန်းအာမခံမှု(Minimum Guaranteed Purchasing Price)ကို ဈေးကွက်စီးပွားရေးမူဘောင်အတွင်းမှ နိုင်ငံတော်အစိုးရ၏ကြီးကြပ်မှုဖြင့် ကြိုတင်သတ်မှတ်ဆောင်ရွက်ပေးနိုင်ရေးအဆိုကို လွှတ်တော်ကအတည်ပြုကြောင်းဆုံးဖြတ်ခဲ့ပါတယ်။ ရည်ရွယ်ချက်ကောင်းမွန်ပြီး အမှန်တကယ်အချိန်မီဆောင်ရွက်နိုင်ပါက တောင်သူလယ်သမားများအတွက် များစွာအကျိုးဖြစ်စေမည်ဖြစ်ကြောင်းသုံးသပ်ရရှိပါတယ်။ သို့ရာတွင် ၎င်းအတည်ပြုဆုံးဖြတ်ချက်အပေါ် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများသည် ထင်သာမြင်သာရှိခြင်း၊ အချိန်မီဆောင်ရွက်နိုင်ခြင်းတို့နှင့်ပတ်သက်၍ လိုအပ်ချက်များရှိသည်ဟု ထင်မြင်ယူဆပါသည်။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားများ၏အကျိုးအတွက် အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်။ (က) သီးနှံများ၏ အနိမ့်ဆုံးဈေးနှုန်းများအား ပြည်ထောင်စုအစိုးရက မည်ကဲ့သို့သတ်မှတ်ခဲ့ပါသနည်း။ (ခ) သီးနှံများ၏ အနိမ့်ဆုံးဈေးနှုန်းသတ်မှတ်ခဲ့ပါက မည်သည့်စံနှုန်းများဖြင့် တွက်ချက်သတ်မှတ်ပါသနည်း။ (ဂ) သတ်မှတ်ရာတွင် အချိန်ကာလနှင့်ပတ်သက်၍ သတ်မှတ်ချက်များရှိ/မရှိ (ဃ) စပါးနှင့် လယ်ယာထွက်ကုန်သီးနှံများကို နှစ်စဉ်စက်တင်ဘာလ ၁၅ မှ အောက်တိုဘာလ ၇ ရက်အတွင်း သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိ (င) တောင်သူလယ်သမားများအားလုံး လွှမ်းခြုံသိရှိ အကျိုး

ခံစားနိုင်ရေးအတွက် မည်သည့်ပုံစံစနစ်ဖြင့်ဆောင်ရွက်ပါသနည်း။ အားလုံးကိုကျေးဇူး တင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများခင်ဗျား။ မော်လမြိုင်ကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုလွင်၏ကြယ်ပွင့်ပြမေးခွန်းများအပေါ် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ သီးနှံများ၏အနိမ့်ဆုံးဈေးနှုန်းများအား ပြည်ထောင်စုအစိုးရက မည်သို့သတ်မှတ်ခဲ့ပါသနည်းဆိုတဲ့ မေးခွန်းအပေါ်ဖြေကြားရလျှင် ယခင်ကာလများက နိုင်ငံတော်အစိုးရအနေနဲ့ ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်အထိ စပါး၊ ပဲမျိုးစုံ၊ နှမ်းအပါအဝင် လယ်ယာထွက်သီးနှံအချို့ကို ဈေးနှုန်းသတ်မှတ်ပြီးဝယ်ယူခဲ့ပါတယ်။ ဒီလိုဈေးနှုန်းသတ်မှတ်ရာမှာ နှစ်အလိုက်ဈေးဆနှုန်းကိန်းများပြောင်းလဲဖြစ်ပေါ်မှုကိုစိစစ်ခြင်း၊ တောင်သူလယ်သမားများရဲ့ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်ကို မြေပြင်ကွင်းဆင်းစာရင်းကောက်ယူစိစစ်ခြင်း၊ ယခင်နှစ်များက ပြည်တွင်းမှာဖြစ်ပေါ်ခဲ့တဲ့ ဈေးနှုန်းများကို လေ့လာစိစစ်ခြင်းများဆောင်ရွက်ပြီး တောင်သူလယ်သမားများတွက်ခြေကိုက်သော ဈေးနှုန်းတစ်ခုစိစစ်တွက်ချက်ပါတယ်။ အဆိုပါ စာရင်းဇယားအချက်အလက်များအပေါ်မှာအခြေခံပြီး တောင်သူလယ်သမားထံမှ ဝယ်ယူသင့်တဲ့ဈေးနှုန်းကိုတွက်ချက်ပါတယ်။ တွက်ချက်ရရှိတဲ့ဈေးနှုန်းကို အစိုးရအဖွဲ့သို့တင်ပြပြီး အစိုးရအဖွဲ့မှစိစစ်အတည်ပြုချက်ရရှိပြီးပါက သတ်မှတ်တဲ့ဈေးနှုန်းကို ကြေညာချက်ထုတ်ပြန်ရပါတယ်။ သီးနှံတစ်မျိုးချင်းစီအပေါ် နိုင်ငံတော်မှအတည်ပြုသတ်မှတ်တဲ့ ဈေးနှုန်းကို သီးနှံများစိုက်ပျိုးတဲ့ရာသီမတိုင်မီ နှစ်စဉ်ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်းတင်ပြအပ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက် စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ရာမှာ ၂၀၀၃ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှာ ထုတ်ပြန်ကြေညာခဲ့တဲ့ ဆန်စပါးရောင်းဝယ်ရေးမူဝါဒသစ်အရ စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ ဆီထွက်သီးနှံနှင့် အခြားလယ်ယာထွက်သီးနှံများကို ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ် စိုက်ပျိုးထုတ်လုပ်တဲ့သီးနှံများကစပြီး နိုင်ငံတော်မှဈေးနှုန်းသတ်မှတ်ဝယ်ယူခြင်းမရှိတော့ပဲ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုန်သည်ပွဲစားများကို လွတ်လပ်စွာရောင်းဝယ်ခွင့်ပြုခဲ့ပါတယ်။ တောင်သူလယ်သမားများအနေနဲ့လည်း မိမိတို့စိုက်ပျိုးထုတ်လုပ်တဲ့

သီးနှံများကို မည်သူ့ကိုမဆိုလွတ်လပ်စွာရောင်းချနိုင်သလို ကုန်သည်လုပ်ငန်းရှင်များအပိုင်းမှာလည်း ဝယ်ယူရောင်းချခြင်း၊ ကြိတ်ခွဲခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်းလုပ်ငန်းများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရရှိခဲ့ပါတယ်။ ဈေးကွက်မှာဖြစ်ပေါ်နေတဲ့ ဈေးနှုန်းများအပေါ်မှာလည်း ထိန်းချုပ်ခြင်း၊ ကန့်သတ်ခြင်းများမပြုလုပ်ပဲ လွတ်လပ်စွာရောင်းဝယ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ သီးနှံများရဲ့အနိမ့်ဆုံးဈေးနှုန်းသတ်မှတ်ခဲ့ပါက မည်သည့်စံနှုန်းများနှင့် တွက်ချက်သတ်မှတ်ပါသနည်းဆိုတဲ့ မေးခွန်းအပေါ်ဖြေကြားရရင် ပထမမေးခွန်းအပေါ်ဖြေကြားခဲ့ သလို ပြည်တွင်းမှာလက်ရှိဖြစ်ပေါ်နေတဲ့ ဈေးနှုန်းများအပေါ်စိစစ်ခြင်း၊ ယခင်နှစ်ကဖြစ်ပေါ်ခဲ့တဲ့ ဈေးနှုန်းများအပေါ်ပြန်လည်စိစစ်ခြင်း၊ နိုင်ငံတကာဖြစ်ပေါ်နေတဲ့ဈေးနှုန်းများကို လေ့လာစိစစ်ခြင်း များဆောင်ရွက်ပြီး ပြည်တွင်းထုတ်လုပ်မှုကုန်ကျစရိတ်နှင့် တောင်သူလယ်သမားများထိုက်သင့်တဲ့ အကျိုးအမြတ်ရရှိစေတဲ့နှုန်းထားများအပေါ် အခြေခံတွက်ချက်ပြီး သီးနှံများရဲ့အနိမ့်ဆုံးဈေးနှုန်းကို သတ်မှတ်ပေးရပါကြောင်းတင်ပြအပ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာထွက်ရှိခဲ့တဲ့ မိုးစပါး၊ နွေစပါးများမှာ အရန်ဆန်ဝယ်ယူရန်အတွက် နိုင်ငံတော်အရန်ဆန်ထားရှိရေးကြီးကြပ်မှုကော်မတီက အနိမ့်ဆုံးဈေးနှုန်းသတ်မှတ်ပေးခဲ့မှုကိုတင်ပြရရင် နိုင်ငံတော်အရန်ဆန်အတွက် မိုးစပါးဝယ်ယူခဲ့ရာမှာ အထက်ပါအချက်များကိုအခြေခံတွက်ချက်ပြီး သတ်မှတ်အရည်အသွေးမီ ၄၆ ပေါင် ကိုက်စပါးတင်း ၁၀၀ လျှင် ၃၃၀၀၀၀ ကျပ်နှုန်းနဲ့ အနိမ့်ဆုံးဈေးသတ်မှတ်ပြီးတော့ဝယ်ယူခဲ့ပါတယ်။ နိုင်ငံတော် အရန်ဆန်အတွက် နွေစပါးများဝယ်ယူချိန်မှာတော့ အထက်ပါအချက်များကိုအခြေခံတွက်ချက်ခဲ့တဲ့ အပြင် မိုးစပါးများဝယ်ယူရာမှာ ရရှိခဲ့တဲ့အတွေ့အကြုံများအပေါ်အခြေခံပြီး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ညှိနှိုင်းပြီးမှသာ သတ်မှတ်အရည်အသွေးမီ ၄၆ ပေါင်ကိုက်စပါးတင်း ၁၀၀ လျှင် ၃၂၀၀၀၀ ကျပ်နှုန်းနဲ့ အနိမ့်ဆုံးဈေးသတ်မှတ်ပြီးတော့ဝယ်ယူခဲ့ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ သတ်မှတ်ရာတွင် အချိန်ကာလနှင့်ပတ်သက်သည့် သတ်မှတ်ချက်များ ရှိ/မရှိဆိုတဲ့မေးခွန်းအပေါ်ဖြေကြားရရင် သီးနှံတစ်မျိုးချင်းစီအတွက် တစ်ရာသီလျှင်တစ်ကြိမ်စိုက်ပျိုး တဲ့ ရာသီမတိုင်မီသတ်မှတ်ပေးခဲ့ခြင်းဖြစ်ပါတယ်။ စပါးအတွက်ဈေးနှုန်းသတ်မှတ်ချက်နှင့်ပတ်သက်ပြီး တင်ပြရရင် ယခင်က မိုးစပါးတစ်ခုသာစိုက်ပျိုးခဲ့တာကြောင့် အချိန်ကာလတစ်ခု၊ ဈေးနှုန်းတစ်ခုသာ သတ်မှတ်ပေးခဲ့ပါတယ်။ ယခုအချိန်မှာ မိုးစပါးအပြင်နွေစပါးကိုလည်း စိုက်ပျိုးနေပြီဖြစ်တဲ့အတွက် မိုးစပါးစိုက်ပျိုးချိန်မတိုင်မီ ဈေးနှုန်းတစ်မျိုးသတ်မှတ်ရမှာဖြစ်သလို နွေစပါးအတွက်လည်း စိုက်ပျိုးချိန် မတိုင်မီ ဈေးနှုန်းတစ်မျိုးသတ်မှတ်ပေးရမှာဖြစ်ပါတယ်။ မိုးစပါးဝယ်ဈေးနှုန်းနှင့် နွေစပါးဝယ်ဈေးနှုန်း

အနည်းငယ်မတူညီမှုရှိကြောင်းလည်း သုံးသပ်တွေ့ရှိရပါတယ်။ အလားတူ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစိမ်းငုံ၊ ကုလားပဲအစရှိတဲ့ ပဲမျိုးစုံအတွက်လည်းကောင်း၊ အစေ့ထုတ်ပြောင်း၊ ဆီထွက်သီးနှံနှင့် အခြား လယ်ယာထွက်သီးနှံများအတွက်လည်းကောင်း အနိမ့်ဆုံးဈေးနှုန်းများသတ်မှတ်ရာမှာ ၎င်းသီးနှံများရဲ့ စိုက်ပျိုးချိန်မတိုင်မီအချိန်ကာလများမှာ တွက်ချက်သတ်မှတ်ရပါကြောင်း တင်ပြအပ်ပါတယ်။

စတုတ္ထမေးခွန်းဖြစ်တဲ့ စပါးနှင့်လယ်ယာထွက်သီးနှံဈေးနှုန်းများကို နှစ်စဉ်စက်တင်ဘာလ ၁၅ ရက်မှ အောက်တိုဘာလ ၇ ရက်အတွင်း သတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိဆိုတဲ့မေးခွန်းအပေါ် ဖြေကြား ရရင် မြန်မာနိုင်ငံရဲ့လက်ရှိစိုက်ပျိုးထုတ်လုပ်မှုအချိန်ကာလများအရ မိုးစပါးနှင့် အခြားလယ်ယာထွက် သီးနှံများအပေါ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြခဲ့တဲ့အတိုင်း သတ်မှတ်ပေးနိုင်မည် ဖြစ်ပါတယ်။ သို့ရာတွင် နွေစပါးအတွက် ဈေးနှုန်းသတ်မှတ်ခြင်းကိုတော့ သီးခြားအချိန်ကာလ သတ်မှတ်ပေးရမှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ပဉ္စမမေးခွန်းဖြစ်တဲ့ တောင်သူလယ်သမားများအားလုံး လွှမ်းခြုံသိရှိအကျိုးခံစားနိုင်ရေး မည်သည့်ပုံစံစနစ်ဖြင့်ဆောင်ရွက်ပါသနည်းဆိုတဲ့ မေးခွန်းအပေါ်ဖြေကြားရရင် ဈေးနှုန်းသတ်မှတ် ထုတ်ပြန်ကြေညာခြင်းကို သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ အကြိမ်ကြိမ်ထုတ်လွှင့်ဖော်ပြရန် လိုအပ်ပါတယ်။ ဒါ့အပြင် ဒေသအသီးသီးမှာရှိနေတဲ့ ကုန်သည်အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များမှ လည်း ကျေးရွာအလိုက်ရှိနေကြတဲ့ကျေးရွာပွဲစားများ၊ စက်ပိုင်ရှင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တစ်ဆင့် တောင်သူလယ်သမားများအားလုံး လွှမ်းခြုံသိရှိနိုင်ရန်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ယခင် အစိုးရများလက်ထက်မှာ ၂၀၀၂-၂၀၀၃ ခုနှစ်အထိ သီးနှံဈေးနှုန်းသတ်မှတ်မှုများကိုဆောင်ရွက်ခဲ့ပါ တယ်။ ယခုအခါ နိုင်ငံ၏လက်ရှိဈေးကွက်စီးပွားရေးစနစ်အရ ဈေးကွက်ပေါက်ဈေးနှုန်းများဖြင့်သာ ရောင်းဝယ်ဖောက်ကားလျက်ရှိပါတယ်။ ယခုအဆိုပြုချက်အရ တောင်သူများအကျိုးစီးပွားကာကွယ် နိုင်ရန်အတွက် အဓိကသီးနှံများ၏ဈေးနှုန်းကို အနိမ့်ဆုံးအာမခံဈေးနှုန်း (Minimum Guaranteed Purchasing Price) သတ်မှတ်နိုင်ရန်မှာ ယင်းသီးနှံများ၏ ရောင်းဝယ်ဖောက်ကားမှုအခြေအနေကို အမြဲမပြတ်စောင့်ကြည့်ထိန်းကျောင်းသော ဈေးကွက်အခြေအနေအလိုက်၊ အချိန်ကာလအလိုက် ဈေးနှုန်းသတ်မှတ်ပေးမည့် အဖွဲ့အစည်းတစ်ခုနှင့် ယင်းသို့ဆောင်ရွက်ရာ၌လိုအပ်သည့် ဘဏ္ဍာ ငွေကြေးလှည့်ပတ်မှုစနစ်တစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါတယ်။ ယင်းသို့ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ အထူးပြု ကုမ္ပဏီများတို့ပူးပေါင်း၍ ယင်းစနစ်မျိုးကို ပီပြင်စွာဆောင်ရွက်လျက်ရှိသည့် နိုင်ငံများ၏အတွေ့

အကြံုကိုရယူဆောင်ရွက်သင့်ပါတယ်။ တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို နိုင်ငံတော်အစိုးရ၊ အထူးပြုကုမ္ပဏီများ၊ ဒေသခံကုန်သည်ပွဲစားများက ကြိုတင်ထုတ်ပေးလျက်ရှိရာမှာ စိုက်ပျိုးချိန်မတိုင်မီ ကြိုတင်ငွေထုတ်ပေးနိုင်အောင် စီမံဆောင်ရွက်ရမှာဖြစ်ပါတယ်။ ထုတ်ချေးငွေများပြန်လည်ပေးဆပ်ချိန်ကိုတော့ တောင်သူလယ်သမားများ ရိတ်သိမ်းနယ်လှေ့ပြီးတဲ့အချိန်ထက် နောက်အနည်းငယ်ကျပြီးမှပေးဆပ်စေရန်စောင့်ဆိုင်းသင့်ပါတယ်။ ဒါမှသာ တောင်သူလယ်သမားများအနေနဲ့ ချေးငွေများအချိန်မီပြန်လည်ပေးဆပ်နိုင်ရန် မိမိတို့လက်ဝယ်ရှိသီးနှံများကိုအလောသုံးဆယ်ရောင်းချရန်မလိုအပ်ဘဲ သင့်တင့်မျှတတဲ့ဈေးနှုန်း၊ အချိန်ကိုစောင့်ပြီးရောင်းချနိုင်မှာဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**State Holders အားလုံးပါဝင်သော ဥပဒေရေးဆွဲရေးအတွက် ဘတ်ဂျက်အလုံအလောက်ချထားပေးနိုင်ခြင်းရှိ မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ ကြွရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်ဒုတိယဝန်ကြီးများ၊ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ကျွန်တော် စမ်းချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းမှ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ယနေ့ လွှတ်တော်မှာ မေးခွန်းနှစ်ရပ်မေးချင်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ပထမအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးသို့ပင်တိုင်ခဲ့ပြီးဖြစ်ပါတယ်။ သို့ရာတွင် လွှတ်တော်၏ဥပဒေပြုရေးလုပ်ငန်းများကို ပြန်လည်လေ့လာသုံးသပ်ရပါက လွှတ်တော်အရပ်ရပ်သို့တင်သွင်းလာသော ဥပဒေကြမ်းများကို လွှတ်တော်ကိုယ်စားလှယ်တော်များကအတည်ပြုပေးရသည့် လုပ်ငန်းဆောင်ရွက်နေရသည်ကိုတွေ့ရပါတယ်။ စင်စစ်မှာ ဥပဒေကြမ်းများရေးဆွဲပြင်ဆင်သည့်အပိုင်းနဲ့ ဥပဒေပြုပေးရသည့်အပိုင်း နှစ်ပိုင်းစလုံးတွင် လွှတ်တော်ကိုယ်စားလှယ်တော်များပါဝင်ပါက ပြည်သူ့အတွက် ဥပဒေပြုရေးလုပ်ငန်းဟာ ပြည်သူ့ဘက်ကအပြည့်အဝပါဝင်ရာရောက်မည်ဟုယူဆကြပါတယ်။ ယခုမူ လွှတ်တော်များက ဥပဒေပြုရေးလုပ်ငန်းများကို ပြည်သူတို့အကျိုးအတွက် နှစ် ၅၀ ကြာ ဥပဒေပြုပေးမှုကင်းမဲ့နေခြင်းကြောင့် ယင်းအချက်ကိုဖြည့်ဆည်းပေးရန် ပုံမှန်ထက်ပို၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပြည်သူများအကြားတွင် ယင်း ဥပဒေပြုရေးလုပ်ငန်းစဉ်ကို နှေးကွေးနေသည်ဟုလည်းကောင်း၊ ထင်သာမြင်သာမရှိ၍ ပြည်သူများအပြည့်အဝသိရှိခြင်းမရှိဘဲဖြစ်နေခြင်းမှာ ပြည်သူ့အကျိုးကိုဆောင်ရွက်ပေးနိုင်ရန် ပြည်သူ့ဘက်က

သဘောထားအမြင်တို့မပါရှိဘဲ အုပ်ချုပ်ရေးဘက်က အစဉ်အလာတာဝန်ယူခဲ့ကြသောဌာနဆိုင်ရာများကပါရေးဆွဲနေကြ၍ဖြစ်သည်ဟုလည်းကောင်း၊ ပြည်သူရွေးချယ်လိုက်သော ကိုယ်စားလှယ်များက ပြည်သူ့ကိုယ်စားဥပဒေပြုရေးတွင်ပါဝင်ခြင်းမရှိကြ၍လည်းကောင်း ယင်းသို့ဖြစ်နေသည်ဟု ထင်မြင်နေကြပါသည်။ ထို့အတူ နိုင်ငံရေးပါတီများကိုယ်တိုင်ကပင်လျှင် ဥပဒေပြုရေးတွင် နွေးကွေး၍ ပွင့်လင်းမြင်သာမှုအားနည်းနေသည်ကိုခံစားနေရပါတယ်။ သို့ပါ၍ ထို ဥပဒေတစ်ခုပြုမှုသည် ပြီးစီးရန် မည်မျှကြာမည်ကိုခန့်မှန်းမရရှိနေကြပါတယ်။ ယခုအခါ ပညာရေး၊ ကျန်းမာရေး၊ အလုပ်သမား အရေးနှင့် စီးပွားရေးစသည်တို့တွင် ဥပဒေပြုမှုတို့လျင်မြန်စွာပြီးမြောက်ရန် လက်ငင်း နိုင်ငံရေး အနေအထားကတောင်းဆိုနေပြီဖြစ်ပါတယ်။ သို့ပါ၍ ဤသို့သောအနေအထား၊ တောင်းဆိုမှုတို့ကို နည်းလမ်းတကျဖြည့်ဆည်းနိုင်ရန် ယခု ဥပဒေကြမ်းများရေးဆွဲရေးလုပ်ငန်းကို အဓိကဆောင်ရွက်နေသည့် ဌာနဆိုင်ရာများအပြင် ကျွမ်းကျင်ပညာရှင်များ၊ ဥပဒေကျွမ်းကျင်သူများနှင့် လွှတ်တော် ကိုယ်စားလှယ်များအပါအဝင် အားလုံးသော State Holders များပါဝင်စေ၍ ဥပဒေပြုရေး စီမံချက်တစ်ရပ်လုံးအတွက် ဘတ်ဂျက်အလုံအလောက်ချပေးနိုင်ပါက ဥပဒေပြုရေးလျင်မြန်လာမည် ဖြစ်ပြီး ပြည်သူ့အတွက် ပို၍အကျိုးပြုနိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ State Holders များ အားလုံးပါဝင်သော ဥပဒေရေးဆွဲရေး၊ ယင်းအတွက် ဘတ်ဂျက်အလုံအလောက်ချထားပေးနိုင်ခြင်းရှိ၊ မရှိမေးခွန်းနှစ်ရပ်အား ဖြေကြားပေးပါရန်မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျွန်တော် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးမှ လေးစားစွာဖြင့် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းတင်သွင်းတဲ့ State Holders များအားလုံးပါဝင်တဲ့ ဥပဒေ ရေးဆွဲရေးနှင့် ယင်းအတွက် ဘတ်ဂျက်အလုံအလောက်ချထားပေးနိုင်ခြင်းရှိ၊ မရှိမေးခွန်းနှင့် စပ်လျဉ်း၍ဖြေကြားတင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာ လွှတ်တော် ကိုယ်စားလှယ်များက ဥပဒေမပြုနိုင်သည့်သဘော၊ ဌာနဆိုင်ရာအပြင် ကျွမ်းကျင်တဲ့ပညာရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ State Holders များအားလုံးပါဝင်တဲ့ ဥပဒေရေးဆွဲရေးမေးခွန်းနှင့်

စပ်လျဉ်း၍ လွှတ်တော်အသီးသီးသို့ ဥပဒေကြမ်းတင်သွင်းတဲ့နည်းလမ်းကိုတင်ပြလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၈ ပုဒ်မခွဲ(က)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကတင်သွင်းတဲ့ ဥပဒေကြမ်းတွေကို ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ထားတဲ့နည်းလမ်းတွေနဲ့အညီပေးပို့လာလျှင် ပြည်သူ့လွှတ်တော်မှာစတင်တင်သွင်းတဲ့ ဥပဒေကြမ်းလို့မှတ်ယူ၍ ပြည်သူ့လွှတ်တော်မှာဆွေးနွေးဆုံးဖြတ်ရမည်ဟုလည်းကောင်း၊ ပုဒ်မ ၁၃၈ ပုဒ်မခွဲ(ခ)မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်ထောင်စုဥပဒေပြုစာရင်းမှာပါရှိတဲ့ကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်မှာသာ ဥပဒေကြမ်းတင်သွင်းဆုံးဖြတ်ရမယ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ကိစ္စရပ်မှအပ ကျန်ကိစ္စနဲ့စပ်လျဉ်းတဲ့ဥပဒေကြမ်းတွေကို ဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်ကိုစတင်တင်သွင်းပြီးတော့ ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးဆုံးဖြတ်ရမယ်လို့ ပြဋ္ဌာန်းထားရှိပါသည်။ အလားတူပဲ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၈ ပုဒ်မခွဲ(က)နှင့် (ခ) တို့မှာလည်း အမျိုးသားလွှတ်တော်မှာ ဥပဒေကြမ်းများတင်သွင်းဆုံးဖြတ်တဲ့နည်းလမ်းကိုပြဋ္ဌာန်းထားပါတယ်။

ဒီပြဋ္ဌာန်းချက်တွေအရ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်များကို ဥပဒေကြမ်းတွေကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက တင်သွင်းခွင့်ရှိသလို လွှတ်တော်ကိုယ်စားလှယ်များကလည်း တင်သွင်းခွင့်ရှိပါတယ်။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းတဲ့ဥပဒေတွေအနက် လယ်ယာမြေဥပဒေကြမ်းဟာ လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေကြမ်းတင်သွင်းပြီး လွှတ်တော်မှာဆွေးနွေးပြဋ္ဌာန်းခဲ့တဲ့ ဥပဒေပဲဖြစ်ပါတယ်။ အလားတူပဲ လာဘ်ပေးလာဘ်ယူပပျောက်ရေးဥပဒေကြမ်း၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေစတဲ့ဥပဒေများဟာ လွှတ်တော်ကိုယ်စားလှယ်များက ရေးဆွဲတင်သွင်းခဲ့တဲ့ ဥပဒေကြမ်းတွေဖြစ်တာကိုတွေ့ရှိရပါတယ်။ ဥပဒေကြမ်းတွေရေးဆွဲရာမှာ ကြန့်ကြာမှုနှင့်စပ်လျဉ်းပြီးတော့ ဥပဒေတစ်ရပ်ဟာ အချိန်ရဲ့စမ်းသပ်မှုနဲ့ အခြေအနေရဲ့စမ်းသပ်မှုကိုခံနိုင်မှသာ အာနိသင်ထက်မြက်တဲ့ ဥပဒေကောင်းတစ်ရပ်လို့ဆိုနိုင်မှာဖြစ်ပါတယ်။ တည်ဆဲဥပဒေတွေအနက် နှစ် ၁၀၀ ကျော်ကြာတဲ့အထိ ကျင့်သုံးနေရတဲ့ ၁၈၆၁ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ ရာဇသတ်ကြီးဥပဒေ၊ ၁၈၉၈ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ၁၈၇၂ ခုနှစ်မှာပြဋ္ဌာန်းခဲ့တဲ့ ပဋိညာဉ်အက်ဥပဒေ၊ ၁၈၈၂ ခုနှစ်မှာပြဋ္ဌာန်းခဲ့တဲ့ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ၊ ၁၉၁၄ ခုနှစ်မှာပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေနဲ့ ၁၉၅၀ ပြည့်နှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ အထူးကုမ္ပဏီအက်ဥပဒေတို့ဟာ အာနိသင်ကောင်းတဲ့ ဥပဒေတွေအဖြစ်တည်ရှိနေတာကို တွေ့ရှိရပါတယ်။ ဖော်ပြပါဥပဒေတွေဟာ လိုအပ်ချက်အရ အနည်းငယ်ပြင်ဆင်ရခြင်းမှအပ ဥပဒေရဲ့

ပင်မအချက်ဖြစ်သော Spirit of Law ကို ပြင်ဆင်ရတာမျိုးမရှိတဲ့ ဥပဒေတွေဖြစ်ကြောင်း တွေ့ရှိရခြင်းထက် အရှည်တည်တံ့ခိုင်မြဲတဲ့ဥပဒေကောင်းဖြစ်ဖို့ ပဓာနကျကြောင်းတင်ပြလိုပါတယ်။ ဥပဒေကြမ်းတစ်ရပ်ကိုရေးသားရာမှာ ရှုထောင့်စုံမှလေ့လာပြီးတော့ သက်ဆိုင်ရာနယ်ပယ်မှ လူပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ ကျွမ်းကျင်သူများ၏ အတွေ့အကြုံ၊ အသိပညာများကိုအခြေခံပြီး စိစစ်ရေးသားရပါတယ်။ ဒီလိုရေးသားရာမှာ ဥပဒေကြမ်းပါအကြောင်းအရာများရဲ့ အတိမ်အနက်ကို မူတည်ပြီးတော့ လုံလောက်တဲ့အချိန်ရရှိဖို့လည်းလိုပါတယ်။ အချို့ဥပဒေကြမ်းတွေကို သက်ဆိုင်ရာ အုပ်ချုပ်တဲ့ဌာနတွေကစတင်ရေးဆွဲသော်လည်း လွှတ်တော်သို့တင်ပြသည့်အခါမှာ ဥပဒေကြမ်း ကော်မတီကစိစစ်ဆောင်ရွက်ရာမှာ ကျွမ်းကျင်သူပညာရှင်များ၊ ဌာနဆိုင်ရာမှပုဂ္ဂိုလ်များပါဝင်ပြီး နိုင်ငံတော်၏ကောင်းကျိုးအတွက် ရွေးရှုဆွေးနွေးဆောင်ရွက်ကြခြင်းဖြင့် ဥပဒေကောင်းများကို ပြဋ္ဌာန်းနိုင်မှာဖြစ်ပါတယ်။ ဖော်ပြပါ State Holders များပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ကောင်းမြတ်တဲ့အကျိုးကျေးဇူးတွေကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်၍ ပြည့်စုံတဲ့ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရေးအတွက် ရေးသားရာမှာလည်းကောင်း၊ စိစစ်ရာမှာလည်းကောင်း၊ သုံးသပ်အတည်ပြုရာမှာလည်းကောင်း State Holders များပါဝင်ခွင့်ရှိပြီးဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ State Holders များအားလုံးပါဝင်တဲ့ ဥပဒေရေးဆွဲရေးနှင့် ယင်းအတွက် ဘတ်ဂျက်အလုံအလောက်ချထားပေးနိုင်ခြင်းရှိ၊ မရှိမေးခွန်းပါအချက်နှင့်စပ်လျဉ်းပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ရဲ့ဘတ်ဂျက်ကို ၂၀၁၁-၂၀၁၂ ခုနှစ်မှစပြီးတော့ ပြည်ထောင်စု၏ရသုံးမှန်းခြေငွေစာရင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ရသုံးမှန်းခြေငွေစာရင်းအဖြစ် ရေးဆွဲလျက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ဘတ်ဂျက်ကိုခွဲဝေချထားရာမှာ ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအလိုက် အဆိုပြုတဲ့အပေါ်မှာ စိစစ်ညှိနှိုင်း၍ ခွဲဝေချထားပေးခြင်းဖြစ်ပါတယ်။ အဆိုမှာပါရှိတဲ့ ဥပဒေရေးဆွဲရေးလုပ်ငန်းကို ဆောင်ရွက်မည်ဆိုပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းရဲ့ ရသုံးမှန်းခြေငွေစာရင်းမှာ လိုအပ်မယ့်အသုံးစရိတ်တွေကို ဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းရေးဆွဲရမည်ဖြစ်သလို ဒီလိုထည့်သွင်းလျာထားချက်ပါဝင်တဲ့ ပြည်ထောင်စုရဲ့ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပြီးနောက် သုံးစွဲနိုင်မှာဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ဒုတိယရှေ့နေချုပ်ကြီးအား ကျေးဇူးတင်ကြောင်းပြောလိုပါတယ်။ ကျွန်တော် ဒီမေးခွန်းကိုတင်ခဲ့တာဟာ ဇွန်လ

ကတည်းကပါ။ တင်ခဲ့တဲ့အပိုင်းမှာ အခု ကျွန်တော်တို့ဟာ ဥပဒေတွေကို အခုအချိန်ထိလည်း မပြည့်စုံသေးတဲ့ဥပဒေတွေ ဆက်ပြုနေတဲ့အပိုင်းတွေရှိနေပါသေးတယ်။ အလုပ်သမားဥပဒေဆိုရင် ကျွန်တော်တို့က နည်းဥပဒေတွေ၊ အလုပ်သမားတွေဆန္ဒပြနေကာမှ အဲဒီတုန်းကနေပြီးတော့မှဆက်ပြီး တော့ လုပ်ခွင့်ပေးခဲ့ရတာမျိုးတွေလည်းရှိပါတယ်။ အခုလောလောဆယ်မှာ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှုဥပဒေတွေ ဒီလိုတွေလည်းပြုနေတာရှိပါတယ်။ မနေ့ကပဲ ကျွန်တော်တို့ ဒီလွှတ်တော် ရေးရာအပေါ်ထပ်မှာ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအတွက် အားလုံး ကျွန်တော်တို့ လုပ်ငန်းရှင်တွေရဲ့ သဘောထားအားလုံး ဒီလိုဥပဒေပြုရေးတွေအတွက် တွေ့ဆုံပြီးတော့လုပ်နေ ရတာတွေလည်း ရှိတာလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ တချို့အပိုင်းတွေမှာ ကျွန်တော့်မေးခွန်းဟာ Out of Date ဖြစ်နေတဲ့သဘောမျိုးဖြစ်နေပါတယ်။ အခုနကဖြေသွားတဲ့ ဒုတိယရှေ့နေချုပ်ကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါပေမယ့်လို့ ကျွန်တော်တို့ဟာ ဒါထက်ပိုပြီးတော့ကျတော့ မြန်မြန်ဆန်ဆန် ဥပဒေတွေလုပ်နိုင်ဖို့ဆိုတဲ့ဟာကတော့ လိုအပ်နေတယ်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်တွေအားလုံး သဘောပေါက်ပြီးသားဖြစ်ပါလိမ့်မယ်။ ဒါအတွက် ကျွန်တော် ဒီမေးခွန်းတင်ခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးစိုးဝင်း၊ စမ်းချောင်းမဲဆန္ဒနယ်မှ မေးတဲ့မေးခွန်းဟာ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဌာနကိုယ်စားလှယ်က ပြောဆိုဆွေးနွေးရုံနဲ့ လုံလောက်တယ်လို့မထင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ မိမိတို့လွှတ်တော်က ဥပဒေပြုရေးအခန်းကဏ္ဍမှာ အဓိကတာဝန်ရှိတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ပြန်လည်ရှင်းလင်းလိုပါတယ်။ မေးတဲ့အမေးရဲ့ အဓိကက ဘတ်ဂျက်အလုံအလောက်ချထားနိုင်ခြင်း ရှိ၊ မရှိဆိုတဲ့ခေါင်းစဉ်ဖြစ်ပါတယ်။ ဒါကို ဖြေရမယ်ဆိုရင် ဘတ်ဂျက်အလုံအလောက်ရှိတယ်လို့ပဲပြောရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဦးစိုးဝင်း တင်ပြသွားတဲ့ နေရာမှာ ဥပဒေပြုရေးလုပ်ငန်းစဉ်များနှေးကွေးနေသည်ဟုလည်းကောင်း၊ ထင်သာမြင်သာမရှိ၍ ပြည်သူများအပြည့်အဝနားလည်ခြင်းမရှိဘဲနေခြင်းများ ရှိတယ်ဆိုတဲ့သဘောပါပါတယ်။ ဒီအပိုင်းနဲ့ ပတ်သက်ပြီးတော့ မိမိတို့လွှတ်တော်ဘက်အမြင်ပြောရမယ်ဆိုရင် နှေးကွေးမှုရှိနေတယ်ဆိုတာ မှန်ပါတယ်။ ထင်သာမြင်သာမရှိဘူး။ ပြည်သူများအပြည့်အဝမခံစားရဘူးဆိုတဲ့အပိုင်းမှာ ထင်သာ မြင်သာရှိအောင်လည်း အတတ်နိုင်ဆုံး လွှတ်တော်တွေဘက်ကဆောင်ရွက်နေပါတယ်။ ပြည်သူများ အပြည့်အဝသိရှိခြင်းမရှိဘဲနေခြင်းအပိုင်းကတော့ ပြည်သူများအပိုင်းနဲ့ပဲဆိုင်ပါမယ်။ နောက်ပိုင်း မိမိတို့ ဥပဒေများပြုတဲ့အခါမှာ သတင်းစာထဲကိုထည့်ပြီးတော့ဖော်ပြတာ ပြီးတဲ့အခါမှာ သက်ဆိုင်ရာ

အမိကတာဝန်ရှိပြီးတော့ သိနိုင်တဲ့အဖွဲ့အစည်းများနဲ့ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နေတာ ဒီနေ့ ဦးစိုးဝင်း ခုနက ပြန်လည်ရှင်းလင်းတဲ့အပိုင်းမှာဖော်ပြလို့ပဲဖြစ်ပါတယ်။ တစ်ခါ ပြည်သူများ ရွေးချယ်လိုက်သော ကိုယ်စားလှယ်များက ပြည်သူ့ကိုယ်စားဥပဒေရေးဆွဲရေးတွင် ပါဝင်ခြင်းမရှိကြ၍ လည်းကောင်း၊ ယင်းသို့ဖြစ်နေသည်ဟုထင်မြင်ပါသည်။ ထို့အတူ နိုင်ငံရေးပါတီများကိုယ်တိုင်က ပင်လျှင် ဥပဒေပြုရေးတွင် နှေးကွေးနေ၍ ပွင့်လင်းမြင်သာမှုအားနည်းနေသည်ဟုခံစားရမိပါသည်။ ဒီနေရာမှာ ပြည်သူရွေးချယ်လိုက်တဲ့ကိုယ်စားလှယ်များသာမက ဒီနေ့ ပြည်သူ့ကိုယ်စား ပြည်သူ့ ကိုယ်စားလှယ်မဟုတ်သော အခြားအဖွဲ့အစည်း Institution များ၊ State Holders များ ပါဝင်နေတယ်ဆိုတာကိုတော့ ထပ်မံရှင်းလင်းတင်ပြလိုပါတယ်။ ထို့အတူပဲ နိုင်ငံရေးပါတီများ ကိုယ်တိုင်ကပင်လျှင် ဥပဒေများရေးဆွဲနေတဲ့နေရာမှာ နှေးကွေးနေတယ်။ ထင်သာမြင်သာမရှိဘူး ဆိုတဲ့ကိစ္စနဲ့ပတ်သက်လို့ အကယ်လို့ နိုင်ငံရေးပါတီအနေနဲ့ ဥပဒေတစ်ရပ်လေ့လာသုံးသပ်ပြီးတော့ ပြင်ဆင်လိုတယ်။ ပြဋ္ဌာန်းလိုတယ်ဆိုရင် နိုင်ငံရေးပါတီများက နိုင်ငံရေးပါတီများကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များကတစ်ဆင့် ဥပဒေများကိုပြင်ဆင်ဖို့၊ ပယ်ဖျက်ဖို့၊ အသစ်ပြဋ္ဌာန်းဖို့ လုပ်နိုင်တဲ့အခွင့်အရေးတွေရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုထင်တယ်။ ပြင်ဆင်စရာလည်းလိုတယ်။ ပယ်ဖျက်စရာလည်းလိုတယ်လို့ထင်တယ်ဆိုရင် နိုင်ငံရေးပါတီအနေနဲ့ မိမိတို့ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အတွင်းမှာရှိပါတယ်။ သူတို့ကတစ်ဆင့် ပြင်ဆင်ပြဋ္ဌာန်းလို တဲ့ဥပဒေများကို ပြဋ္ဌာန်းနိုင်ကြောင်းလည်း ထပ်မံအသိပေးတင်ပြလိုပါတယ်။ ဒီမှာ ဦးစိုးဝင်းရဲ့မေးတဲ့ မေးခွန်းထဲက အမေးတွေထဲမှာ ယခုအခါ ပညာရေး၊ ကျန်းမာရေး၊ အလုပ်သမားရေး၊ စီးပွားရေး ဥပဒေပြုရေးများ လျင်မြန်စွာပြီးမြောက်အောင်ဆောင်ရွက်ဖို့ လက်ငင်း နိုင်ငံရေးအနေအထားက တောင်းဆိုနေပြီဆိုတာအမှန်ပဲဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ လွှတ်တော်အသီးသီးက ပြဋ္ဌာန်းလိုက် သော၊ ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းလိုက်သောဥပဒေများကို ဆင့်ပွားဥပဒေများထပ်ဆင့်ထုတ်ဖို့ လိုပါတယ်။ အဲဒါတွေကတော့ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ ညွှန်ကြားလွှာများကို သက်ဆိုင်ရာစီမံခန့်ခွဲတဲ့ ပြည်ထောင်စုအဆင့်များက ဆက်လက်ထုတ်ပြန်ရမှာ ဖြစ်ပါတယ်။ အဲဒီအပိုင်းမှာသာ ကြန့်ကြာနေတယ်လို့ ပြောဆိုလို့ရနိုင်တဲ့အနေအထားရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ ပြီးခဲ့တဲ့အပတ်အတွင်းက လွှတ်တော်အတွင်းမှာပဲ အမ်းမဲဆန္ဒနယ် လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဆွေကတင်ပြဆွေးနွေးသွားတဲ့အပေါ် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ် အသီးသီးကလည်းပဲ ဒါနဲ့ပတ်သက်လို့ ထောက်ခံဆွေးနွေးပြီးတော့ ပြည်ထောင်စုလွှတ်တော်က

ပြဋ္ဌာန်းလိုက်တဲ့ဥပဒေများကို တချို့ဥပဒေများဟာ ထပ်ဆင့်နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များထုတ်ပြန်စရာမလိုဘဲနဲ့ ဆောင်ရွက်တဲ့ဥပဒေများရှိတယ်။ အဲဒီကမှအပ ကျန်တဲ့ဥပဒေများ၊ ထပ်ဆင့်ထုတ်ဆင့်ရန်လိုတဲ့အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ၊ ညွှန်ကြားလွှာများ ဖြစ်မြောက်ရေးအတွက် ရက်ပေါင်း ၉၀ အတွင်း သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က သတ်မှတ်တဲ့ ရက်အတွင်း ထုတ်ပြန်ကြေညာဖို့အဆိုကလည်း အောင်မြင်သွားပြီဖြစ်ပါတယ်။ ဒါလည်း ခုနက ဦးစိုးဝင်းဆွေးနွေးသွားတဲ့ အလုပ်သမားဥပဒေအပါအဝင် အချို့ဥပဒေများဟာ လွှတ်တော်က ပြဋ္ဌာန်းပြီး ငါးလကျော် ခြောက်လအထိ ဒီအတိုင်းပဲရှိနေသေးတဲ့အတွက် ဥပဒေရဲ့အခွင့်အရေးနဲ့ အကာအကွယ်များကို ပြည်သူတွေမခံစားရတာအမှန်ပါပဲ။ ဒါကြောင့်မို့လို့ လွှတ်တော်အနေနဲ့ သတ်မှတ်ထားတဲ့ရက်အတွင်းမှာထုတ်ပြန်ကြေညာပြီး နိုင်ငံနှင့် နိုင်ငံသားများဥပဒေရဲ့အကာအကွယ် ရယူဖို့၊ ခံစားနိုင်ဖို့အတွက်လည်း မိမိတို့လွှတ်တော်အနေနဲ့ တိုက်တွန်းအဆိုပြုထားပြီးဖြစ်ပါတယ်။ တစ်ခါကျွန်တော်တို့ ပြန်လည်ပြီးတော့သိရှိသုံးသပ်နိုင်အောင် ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို ဖွဲ့စည်းပြီးတော့ တည်ဆဲဥပဒေများကို လေ့လာသုံးသပ်ကာ ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အစားထိုးရန်အတွက် ဒီကော်မရှင်ကို အဓိကတာဝန်ပေးဆောင်ရွက်ခိုင်းထားတာရှိပါတယ်။ အဲဒီ ကော်မရှင်နဲ့ ကျွန်တော်တို့ လွှတ်တော်မှာ ဖွဲ့စည်းထားသော သက်ဆိုင်ရာကော်မတီအသီးသီးနဲ့ညှိနှိုင်းပြီးတော့ ပြင်ဆင်ရန်လိုတဲ့ ဥပဒေတွေ၊ ပယ်ဖျက်ရန်လိုတဲ့ဥပဒေတွေ၊ အသစ်ပြဋ္ဌာန်းရန်လိုတဲ့ဥပဒေတွေကိုဆောင်ရွက်တဲ့နေရာမှာ လည်း ခုနက ဒုတိယရှေ့နေချုပ်တင်ပြသွားတဲ့ ၁၉၄၇ ခုနှစ် ယာယီသွင်းကုန်ထုတ်ကုန်ဥပဒေ ၁၉၄၇ ခုနှစ်ကတည်းက ယာယီပြဋ္ဌာန်းတဲ့ဥပဒေဟာ ဒီနေ့အထိ ယာယီအတိုင်းပဲရှိနေသေးတယ်။ အဲဒီ ယာယီ ဆက်ရှိထားခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံနှင့် နိုင်ငံသားများရဲ့ အခွင့်အရေးကိုထိခိုက်တဲ့အတွက် အဲဒီဥပဒေမျိုးကိုလည်း ကျွန်တော်တို့ လွှတ်တော်က သက်ဆိုင်ရာကော်မတီကပဲရေးဆွဲပြီးတဲ့အခါမှာ လွှတ်တော်တင်ပြရေးဆွဲဆောင်ရွက်တဲ့အခါမှာ ဒီဥပဒေဟာ ဒီနေ့အတည်ပြုန်ဖြစ်သွားပြီဖြစ်ပါတယ်။ အဲဒီနည်းတူပဲ သက်ဆိုင်ရာကော်မရှင်ကနေပြီးတော့ပေးပို့ခဲ့တဲ့ FDI ခေါ်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ ကျွန်တော်တို့ လွှတ်တော်ကိုရောက်ပါတယ်။ ဆွေးနွေးပြီးတဲ့အခါမှာ အမျိုးသားလွှတ်တော်ကို ပို့ပါတယ်။ အမျိုးသားလွှတ်တော်ကိုရောက်ရှိနေတဲ့အချိန်မှာပဲ ပြည်သူများရဲ့အသံ၊ ပြည်သူများရဲ့ ဆန္ဒကိုနားထောင်တဲ့အခါမှာ ဒီဥပဒေသည် နိုင်ငံသားများအတွက် ထိခိုက်စရာအကြောင်းရှိတယ်။ ယှဉ်ပြိုင်နိုင်မှုအတွက်အခက်အခဲတွေရှိတယ်။ ဒါကြောင့်မို့လို့ ဒါကို ပြန်လည်လေ့လာသုံးသပ်ပြီးတော့

ပြင်ဆင်ဆောင်ရွက်စရာရှိတာဆောင်ရွက်ပေးပါလို့ ပြည်သူများရဲ့အသံနာခံပြီးတော့ ဒီဥပဒေကိုလည်း ကျွန်တော်တို့ ပြင်ဆင်အတည်ပြုပေးပြီးတဲ့အခါမှာ အမျိုးသားလွှတ်တော်ကို ပေးပို့ပြီးဖြစ်ပါတယ်။ ထို့နည်းတူစွာပဲ နိုင်ငံသားများက နိုင်ငံသားအခွင့်အရေးကိုကာကွယ်မယ့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေကိုလည်း အဲဒီ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့အတူ သို့မဟုတ် ဖြစ်နိုင်ရင်ရှေ့က ထုတ်ပေးဖို့တင်ပြတဲ့အခါမှာလည်း မိမိတို့လွှတ်တော် သက်ဆိုင်ရာကော်မတီများအနေနဲ့ သက်ဆိုင်ရာ ဥပဒေစတင်ပြုစုရမယ့် အဖွဲ့အစည်းများနဲ့ညှိနှိုင်းတဲ့အခါမှာ ဒီဥပဒေတွေကို ပေးနိုင်ခြင်းမရှိပါဘူး။ ဒီဥပဒေဆိုတဲ့အခါမှာ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေကို မိမိတို့ဖက်ကိုပေးနိုင်ခြင်းမရှိပါဘူး။ အဲဒီ အတွက်လည်း ဒီထဲမှာရှိတဲ့သက်ဆိုင်ရာကော်မတီနဲ့ စိတ်ဝင်စားသူများက နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေများကို အသစ်ပြန်လည်ရေးဆွဲပြီးတော့ လွှတ်တော်သို့တင်ပြထားပါတယ်။ ဒီနေ့ ဒီဥပဒေတွေ ပြီးစီးတဲ့အတွက် မနက်ဖြန်ဒီဥပဒေများကို လွှတ်တော်မှာတင်ပြမှာဖြစ်ပါတယ်။ ဒါ ကျွန်တော်ရှင်းလင်း တင်ပြနေတာက ကျွန်တော်တို့ လွှတ်တော်အနေနဲ့ မိမိတို့ရဲ့အဓိကတာဝန်ဖြစ်တဲ့ ဥပဒေပြုရေး တာဝန်ကို စိတ်ပါလက်ပါဆောင်ရွက်နေတယ်။ ကြိုးစားပမ်းစားဆောင်ရွက်နေတယ်ဆိုတာကို ပြန်လည်သိရှိနိုင်အောင် လွှတ်တော်ကတစ်ဆင့် ပြည်သူများကိုအသိပေးတင်ပြခြင်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့လွှတ်တော်မှာဆောင်ရွက်တဲ့ ဆောင်ရွက်ချက်များဟာ ပြည်သူများဒီနေ့ မြင်တွေ့ နိုင်တဲ့အနေအထားဖြစ်ပါတယ်။ ပြည်သူအားလုံးတော့မဟုတ်ပါဘူး။ Sky Net ဧရိယာ ကြည့်နိုင်တဲ့ လူများအတွက်အနေအထားရှိပါတယ်။ ကျွန်တော် လွှတ်တော်ကိုတင်ပြလိုသည်မှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြည်သူ့အကျိုးအတွက် အဓိကဖြစ်ထွန်းစေသော ကာကွယ် စောင့်ရှောက်စေသော ဥပဒေများကို ကြိုးစားပမ်းစားပြုစုပြီးတော့ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်နေတယ်ဆိုတာကို ဦးစိုးဝင်းရဲ့အမေးနဲ့အတူ ကျွန်တော်ပြန်လည်ရှင်းလင်းတင်ပြသလိုပဲ တစ်ဖက်က ဒုတိယရှေ့နေချုပ်ကတင်ပြတာရှိပါတယ်။ ဥပဒေတစ်ခုဟာ ခိုင်ခန့်ဖို့လိုတယ်။ ဥပဒေ တစ်ခုဖြစ်လာဖို့ အချိန်ယူဖို့လိုတယ်ဆိုတာမှန်ပါတယ်။ သို့ရာတွင် မှန်သင့်သလောက်ပဲ မှန်ပါတယ်။ ဘယ်ဥပဒေပဲဖြစ်ဖြစ် အချိန်ကာလအခြေအနေပေါ်မှာမူတည်ပြီးတော့ မှန်ကန်ခြင်း၊ မမှန်ကန်ခြင်း၊ သင့်လျော်ခြင်း၊ မသင့်လျော်ခြင်းရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီအချိန်ကာလနဲ့လျော်ညီတဲ့ဥပဒေများကို အမြန်ဆုံးပြဋ္ဌာန်းနိုင်ပြီး ထွက်ပေါ်လာတဲ့ထပ်ဆင့်ဥပဒေများပေါ်ထွက်ရေး၊ သက်ဝင်လှုပ်ရှားရေးဟာ အင်မတန်မှအရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေခိုင်ခန့်ဖို့၊ တည်တံ့ဖို့အတွက် အချိန်ယူနေတယ် လို့ပြောဆိုလုပ်ဆောင်ရုံလောက်နဲ့တော့ ဒီနေ့ ခေတ်ပြောင်း၊ စနစ်ပြောင်းကာလမှာ လုံလောက်တဲ့

အဖြေမဟုတ်ဘူးဆိုတာကိုလည်းပဲ လွှတ်တော်ကတစ်ဆင့် သက်ဆိုင်ရာတာဝန်ရှိတဲ့လူတွေကို တင်ပြခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့ လွှတ်တော်အနေနဲ့ ဥပဒေများ၊ ပြည်သူ့အကျိုးကို ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေများ၊ ပြည်သူ့အကျိုးကိုဖြစ်ထွန်းစေတဲ့ဥပဒေများကို အလျင်အမြန် ပေါ်ထွက်အောင်ဆောင်ရွက်ဖို့ပါ။ ဒီနေ့ အရေးတကြီးလိုအပ်ချက်ဖြစ်ပါတယ်။ အဲဒီလို ပေါ်ထွက် လာပြီးနောက်ပိုင်းမှာ ဒီဥပဒေများနှင့်အညီ သက်ဆိုင်ရာတာဝန်ရှိတဲ့သူများက လိုက်နာကျင့်သုံးရေး၊ တစ်နည်းအားဖြင့် ပြောရမယ်ဆိုလို့ရှိရင် တရားဥပဒေစိုးမိုးရေးဟာ ဒီနေ့မိမိတို့နိုင်ငံအတွက် မလွဲမသွေလိုအပ်တဲ့အချက်ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်နိုင်ဖို့အတွက် ဆင့်ပွားဥပဒေများကိုလည်း အချိန်မီမြန်မြန်ဆန်ဆန်ထုတ်ပေးရေးအတွက်ကိုလည်း အလေးထားဆောင်ရွက်ပေးဖို့ သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းအဆင့်ဆင့်သို့လည်း လွှတ်တော်ကတစ်ဆင့်တိုက်တွန်းလိုပါတယ်။ ပြန်ပြီး တော့ ရှင်းလင်းတင်ပြရမယ်ဆိုရင် အချိန်ယူနေတာ ဒါကြောင့်ပါ ဒါကြောင့်မို့လို့ ကြာနေတာပါဆိုတဲ့ ဟာနဲ့တော့ လက်ရှိအနေအထားမှာ လုံလောက်တဲ့အနေအထားမရှိပါဘူး။ ထို့နည်းတူစွာပဲ မိမိတို့ ဖွဲ့စည်းထားတဲ့ကော်မတီအသီးသီးဟာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ဇယား ၁ မှာပါတဲ့ဥပဒေများ အားလုံး ဒီနေ့ပြောမယ်ဆိုလို့ရှိရင် ဒီနေ့တည်ဆဲဥပဒေအားလုံးပေါင်း ၃၉၉ ခု ရှိပါတယ်။ အဲဒါအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေလည်းရှိပါတယ်။ ဒါတွေဟာ တည်ဆဲဥပဒေတွေဖြစ်ပြီးတော့ တည်ဆဲဥပဒေ တွေက ဒီနေ့ နိုင်ငံတော်အကျိုးစီးပွားကိုဖြစ်ထွန်းစေသော ဥပဒေများမဟုတ်ဘူး။ နိုင်ငံနှင့် နိုင်ငံသား များအကျိုးစီးပွားကို ထိခိုက်စေတဲ့ဥပဒေများဆိုရင်တော့ ဒါကို မိမိတို့ အမြန်ဆုံးပြင်ဆင်ပယ်ဖျက်ဖို့ လိုသလို နိုင်ငံနှင့် နိုင်ငံသားအကျိုးစီးပွားဖြစ်ထွန်းစေတဲ့ဥပဒေများပေါ်ပေါက်ဖို့နဲ့ ဆင့်ပွားဥပဒေများ ဆက်တိုက်ဆက်တိုက်ပေါ်ပြီးတော့ နိုင်ငံသားများအကျိုးခံစားခွင့်ရအောင်လုပ်ပေးဖို့ကလည်း လိုမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဦးစိုးဝင်းမေးတဲ့ခေါင်းစဉ်မှာတော့ ဘတ်ဂျက်ကိစ္စပါပဲ ဘတ်ဂျက်ကိစ္စနဲ့ ပတ်သက်လို့လုံလောက်ပါတယ်။ ဥပဒေပြုရေးအပိုင်းမှာ နှေးကွေးနေတယ်ဆိုတဲ့ဟာကတော့ မိမိတို့ သူ့ဘက် ကိုယ့်ဘက်၊ သူ့တာဝန် ကိုယ့်တာဝန်ခွဲပြောမယ်ဆိုလို့ရှိရင် လွှတ်တော်အပိုင်းကတော့ မနှေး ပါဘူး။ ပြောရမယ်ဆိုရင် မိမိတို့သည် ကြိုးစားအားထုတ်မှုများတဲ့အတွက် တစ်မျိုးတစ်မည်တောင် မည်နိုင်ပါသေးတယ်။ ဒါသည် မိမိတို့ရဲ့တာဝန်များ ကျေပွန်အောင်ဆောင်ရွက်နေခြင်းများဖြစ်သလို ဥပဒေပြုရေးမှာ အဓိကတာဝန်မရှိပါဘူး။ ရှေ့နေချုပ်ရုံးလိုက ဥပဒေပြုရေးမှာ အဓိကတာဝန် မရှိပါဘူး။ ရှေ့နေချုပ်ရဲ့တာဝန်၊ ရှေ့နေချုပ်ရဲ့ဝတ္တရားများဟာ ဒီအထဲမှာ အဓိကတာဝန်မရှိပါဘူး။ ဒါကြောင့်မို့လို့ မိမိတင်ပြတိုက်တွန်းလိုသည်မှာ ဥပဒေများမှန်မှန်နှင့် မြန်မြန်ပေါ်ထွက်ရေးအတွက်

သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ပါဝင်ဆောင်ရွက်ဖို့လိုအပ်နေပါကြောင်း လွှတ်တော်မှတစ်ဆင့် သက်ဆိုင်ရာအဖွဲ့အစည်းများကို တင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ အခုလို အကျယ်တဝင့်ဖြေကြားပေးတဲ့အတွက် အလွန် လေးစားပါတယ်။ အလွန်ကို ကျေးဇူးလည်းတင်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒါ ပြည်သူ့ရဲ့ကိုယ်စား သိအောင်ကျွန်တော်မေးတဲ့မေးခွန်းဟာ အကျိုးသက်ရောက်ပါတယ်လို့ ကျွန်တော်အများကြီးကျေနပ်ပြီးတော့ ကျေးဇူးလည်းတင်ပါတယ်။ အားလုံးကိုလည်း ကျေးဇူးတင်ပါ တယ်ခင်ဗျား။ (သြဘာသံများ)

**မိဇ်ကျေးရွာဒေသအကျိုးပျက်စီးစေမည့် ကိုယ်ကျိုးရှာကုမ္ပဏီအားတားဆီးပေးရန်အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ရှိသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။ ကျွန်မ ဒီမေးခွန်းကို ဇွန်လကုန်ခါနီးမှာ မေးမြန်းထားတာဖြစ်ပါ တယ်ရှင်။ ပြီးခဲ့တဲ့ ၂၅ ရက်နေ့က ရွာသားတွေဆီက ကျွန်မထံကို ဖုန်းဆက်လာပါတယ်ရှင်။ ဒီမေးခွန်း နဲ့ပတ်သက်ပြီး ဘာမှထူးခြားမှုမရှိရင် လကုန်မှာဆန္ဒဖော်ထုတ်ပွဲပြုလုပ်မယ်လို့ ပြောကြားလာပါတယ်။ ဘာကြောင့်လဲဆိုတော့ အခုရက်ပိုင်းမှာ ကုမ္ပဏီကနေ အဆောက်အအုံအခိုင်အမာဆောက်လုပ်ဖို့ သံချောင်းများ သယ်ဆောင်စုပုံလာပြီလို့သိရပါတယ်ရှင်။ အခုလိုမျိုးမေးခွန်းကို အချိန်မီမေးမြန်းခွင့် ရတဲ့အတွက် သက်ဆိုင်ရာကိုကျေးဇူးအထူးတင်ရှိပါကြောင်း ပထမဦးစွာ ပြောကြားလိုပါတယ်ရှင်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမတိုင်မီ ဘားအံမြို့နယ် မိဇ်ကျေးရွာ တောင်စွန်းတောင်ကို နိုင်ငံခြားကုမ္ပဏီတစ်ခုဖြစ်တဲ့ ချိုင်းနားမေဟွာ ဟောင်ကောင်ကုမ္ပဏီလီမိတက် ကရောက်ရှိလာပါတယ်။ ကျေးရွာဒေသဖွံ့ဖြိုးရေးအတွက် လမ်းများကောင်းမွန်အောင် လမ်းခင်း ပေးမယ်။ မီးလင်းအောင်ဆောင်ရွက်ပေးမယ်။ ကျေးရွာလူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိအောင် ဖန်တီးပေးမယ်လို့ပြောကြားခဲ့ပါတယ်။ ယခုဒီကုမ္ပဏီရောက်ရှိလာတာ နှစ်နှစ်နီးပါးရှိပြီ ဖြစ်ပါတယ်ရှင်။ ဗမာစကားနားမလည်တဲ့ လူမျိုးခြားလူငယ်များ၊ တခြားဒေသမှ အလုပ်သမားများက တောင်ခြေမှာ အိမ်ခြံမြေတွေငှားပြီးတော့ရောက်ရှိနေကြပါတယ်။ ရွာသားများမှာ ၎င်းတို့၏နေရာကို

သွား၍မရတော့ဘဲ တောင်ခြေတစ်ဝိုက်အဝင်လမ်းတွေကို တံခါးပိတ်ထားပါတယ်ရှင်။ သူတို့ကသာ နေ့ရောညပါ ရွာအဝင်လမ်းမှာ သူစိမ်းတွေနဲ့ရောက်ရှိနေကြပါတယ်ရှင်။ ကျေးရွာလမ်းဟာလည်း၊ ထော်လာဂျီနဲ့ ခရီးသယ်တင်ဆောင်ရန်အတွက် ဟိုင်းလက်ကားများသွားလာရန် အဆင်ပြေဖို့အတွက် ကိုယ့်အားကိုယ်ကိုးဖောက်လုပ်ထားတဲ့ မြေလမ်းသာဖြစ်ပါတယ်ရှင်။ ယခု အခါဒီလမ်းပေါ်မှာ ကျောက်များကိုသယ်ဆောင်တဲ့ ဘက်ဟိုးကားများ၊ ယာဥ်ကြီးယာဥ်ငယ်များသွားလာနေတဲ့အတွက် ပျက်စီးကုန်ပြီဖြစ်ပါတယ်ရှင်။ ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ထားတဲ့ တံတားတွေဟာလည်းပဲ ယာဥ်ကြီးယာဥ်ငယ်များကြောင့် ကျိုးကျပျက်စီးကုန်မှာစိုးရိမ်နေကြပါတယ်ရှင်။ ကျောက်ကို မိုင်းခွဲရာမှာလည်းပဲ အလွန်ပြင်းအားကြီးတဲ့ယမ်းများကိုအသုံးပြုတဲ့အတွက် ကျောက်မှာရှိတဲ့ တောင်ကြောတွေအားလုံးဟာ ပြိုကွဲအက်ကြောင်းများပေါ်လာပြီဖြစ်တဲ့အပြင် ဘုရားလေးဆူမှာလည်း ပြိုကျမည်ကို ရွာသားတွေကစိုးရိမ်နေကြပါတယ်ရှင်။ တောင်ရဲ့ချောက်ကမ်းပါးနံဘေးမှာလည်းပဲ ကျောက်များကို အမာခံချထားပြီးတော့ ဆိပ်ကမ်းပြုလုပ်ထားတဲ့အတွက် သင်္ဘောကြီးများဟာ ဒီကျောက်များကို လာရောက်သယ်ဆောင်သွားပါတယ်။ ကမ်းနံဘေးမှာအရွယ်စုံကျောက်များကို စုပုံထားခြင်း၊ နှစ်စဥ်မိုင်းခွဲခြင်းတွေကြောင့် ကိုင်းတောင်သူများဟာ ကိုင်းလုပ်ကိုင်ခွင့်မရှိတော့ ပါဘူးရှင်။ ကျောက်များကိုချထားပြီး ဆိပ်ကမ်းပြုလုပ်ထားသောကြောင့် ရေကြောင်းများဟာလည်း ရွာဘက်ကမ်းခြေတစ်လျှောက် ကမ်းပြိုမှုများဖြစ်လာပါတယ်ရှင်။ ဒေသခံပြည်သူများဟာ တောင်စွန်းတောင်မပျောက်စေရေး၊ တောင်စွန်းတောင်၊ တောင်စွန်းရွာရေတိုက်စားမှုများ ကာကွယ် ပေးရေး ကရင်ပြည်နယ်၏ သဘာဝတောတောင်လယ်မြေများမပျက်စီးရေးအတွက် ကုမ္ပဏီအား တားဆီးပေးပါရန်တင်ပြလာသည့် ဒေသခံပြည်သူများ၏ဆန္ဒအရ ဒေသအကျိုးမပျက်စီးစေရန်နှင့် ကိုယ်ကျိုးရှာထိုကုမ္ပဏီအား တားဆီးပေးရန် အစီအစဉ် ရှိ၊ မရှိသိရှိလိုပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သပါတယ်။ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာရဲ့ ဘားအံမြို့နယ်

မိဖုံကျေးရွာ တောင်စွန်းတောင်သို့ နိုင်ငံခြားကုမ္ပဏီတစ်ခုရောက်ရှိလာသောကြောင့် သဘာဝတော တောင်ရေမြေများမပျက်စီးစေရေးအတွက် ဒေသအကျိုးပျက်စီးစေမယ့် ကိုယ်ကျိုးရှာကုမ္ပဏီအား တားဆီးပေးရန်အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်မှဖြေကြားသွားမှာဖြစ်ပါတယ်။ ကရင်ပြည်နယ် ဘားအံမြို့နယ်၊ မိဖုံကျေးရွာအုပ်စု ကွင်းအမှတ် (၁၁၀၆) မိဖုံတောင်စွန်းကွင်းမြေဧရိယာ ၃၇.၄ ဧကမှ ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် လမ်းခင်းကျောက်ထုတ်လုပ်ခွင့်ကို ဒေသခံလုပ်ငန်းရှင် ဦးဇော်ဌေးက လျှောက်ထားလာမှုကို ဘားအံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အမှုတွဲအမှတ် (၂/၂၀၁၂) နဲ့ ပူးတွဲဖွင့်လှစ်ဆောင်ရွက်ပြီး ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဦးဇော်ဌေးက ထွက်ရှိလာတဲ့ကျောက်တွေကို ကျောက်ဖြူ ရေနက်ဆိပ်ကမ်းတည်ဆောက်နေတဲ့ ချိုင်းနားမေဟွာ ဟောင်ကောင်ကုမ္ပဏီလီမိတက်ကိုရောင်းချခဲ့တာဖြစ်ပါတယ်။ ယခုအခါ လိုင်စင်သက်တမ်းကုန်ဆုံးသွားပြီဖြစ်လို့ လုပ်ငန်းကိုရပ်ဆိုင်းထားပြီး လုပ်ကိုင်ခွင့်ဆက်လက်ရရှိရေးအတွက်ကို တင်ပြလျှောက်ထားဆဲပဲဖြစ်ပါတယ်။ အထက်မှာတင်ပြခဲ့တဲ့ ဘားအံမြို့နယ် မိဖုံတောင်စွန်းကျောက်ထုတ်လုပ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကစိစစ်ရာတွင် လုပ်ကိုင်ခွင့်ရရှိသူ ဦးဇော်ဌေးအနေနဲ့ လုပ်ငန်းဆောင်ရွက်ရာမှာ တရုတ်လူမျိုးပညာရှင်ရဲ့အကြံပေးမှုကို အခါအားလျော်စွာရယူဆောင်ရွက်ခဲ့တာရှိခဲ့ပေမယ့်လည်း နိုင်ငံခြားသားကို မိဖုံတောင်ခြေမှာတည်းခိုနေထိုင်ခွင့်ဆောင်ရွက်ဖို့ ခွင့်ပြုထားခြင်းမရှိကြောင်းတွေ့ရှိရပါတယ်။ လုပ်သားများနေထိုင်သောနေရာကို ပိတ်ဆို့တားမြစ်ထားမှုမရှိဘဲ ဒေသခံနေ့စားအလုပ်သမား ၃၀ ဦး၊ အခြားဒေသ ပြည်တွင်းကလခစားလုပ်သား ၈ ဦးခန့်နှင့် လုပ်ငန်းဆောင်ရွက်နေကြောင်းတွေ့ရှိရပါတယ်။ လုပ်ငန်းဆောင်ရွက်ရာမှာအသုံးပြုတဲ့ ဘက်ဟိုးယန္တရားယာဉ် ၂ စီးကို လုပ်ငန်းစတင်ဆောင်ရွက်ဖို့ ပြောင်းရွှေ့စဉ်ကသာ ကျေးရွာလမ်းကိုအသုံးပြုခဲ့ပြီး အဲဒီလမ်းများကိုလည်း လုပ်ငန်းဆောင်ရွက်သူက ကျောက်ချောလမ်းအဖြစ် ပြုပြင်ပေးခဲ့ကြောင်းတွေ့ရှိခဲ့ရပါတယ်။ ကော့တိုကျေးရွာနှင့် မိဖုံကျေးရွာကြားမှာရှိတဲ့ တံတားတစ်စင်းကိုလည်း အမြဲတမ်းအသုံးပြုနိုင်အောင် ပြင်ဆင်ပေးခြင်းနှင့် ချဉ်းကပ်လမ်းပြုပြင်ပေးခြင်းများကို လိုင်စင်ရရှိသူ ဦးဇော်ဌေးတို့က ဆောင်ရွက်ပေးခဲ့ကြောင်းတွေ့ရှိရပါတယ်။ လမ်းခင်းကျောက်ထုတ်လုပ်ခွင့်လိုင်စင်ထုတ်ပေးစဉ်ကလည်း မိုင်းကို အသုံးပြုပြီး လုပ်ငန်းဆောင်ရွက်ခွင့်မရှိကြောင်းကိုလည်း သတ်မှတ်ပေးထားပြီးဖြစ်ပါတယ်။ ကျောက်ထုတ်လုပ်တဲ့နေရာနှင့် ဘုရားတည်ရှိတဲ့နေရာဟာ အကွာအဝေးအားဖြင့် ကိုက် ၂၀၀၀ ခန့်ကွာဝေးပြီး

သီးခြားစီတည်ရှိတဲ့အတွက် ထိခိုက်မှုမရှိနိုင်လို့ ထုတ်လုပ်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ တောင်ခြေကမ်းနံဘေးမှာ ကျောက်များကိုအမာခံထားပြီး ဆိပ်ခံပြုလုပ်ခြင်းနှင့်ပတ်သက်လို့ အဲဒီနေရာကို ဘားအံစက်မှုဇုန်တည်ဆောက်ရေးစီမံကိန်းရဲ့ ကုန်ကြမ်း၊ ကုန်ချောများ စိစစ်နိုင်မယ့် ဆိပ်ကမ်းတစ်ခုအဖြစ်တည်ဆောက်ဖို့ လျာထားသတ်မှတ်ထားတဲ့အတွက် လောလောဆယ် ကျောက်ထုတ်လုပ်ငန်းက ဆိပ်ကမ်းအဖြစ်ပြုပြင်သုံးစွဲနေမှုအပေါ် ခွင့်ပြုထားတာဖြစ်ပါကြောင်း အဲဒီလို ဆိပ်ကမ်းအဖြစ်အသုံးပြုတဲ့နေရာ ကျောက်စုတဲ့နေရာတွေဟာ လုပ်ကိုင်နေကြတဲ့ ကိုင်းတောင်သူတွေကို လိုင်စင်ရသူတွေက ထိုက်သင့်တဲ့ခံစားခွင့်တွေကို ပေးဆောင်ညှိနှိုင်းထားပြီးတော့ လုပ်ဆောင်ခဲ့ခြင်းသာဖြစ်ကြောင်းတွေ့ရှိရပါတယ်။ မိဇံတောင်စွန်းမှာ ကျောက်ထုတ်လုပ်ခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်လို့ အမှုတွဲဖွင့်လှစ်ဆောင်ရွက်စဉ်ကပဲ ဒေသခံများကကန့်ကွက်ခဲ့ခြင်းမရှိလို့ လုပ်ထုံးလုပ်နည်းများနှင့်အညီစိစစ်ပြီး ဘားအံခရိုင်အုပ်ချုပ်ရေးမှူးက လိုင်စင်ခွင့်ပြုပေးခဲ့ခြင်းသာဖြစ်ကြောင်းစိစစ်တွေ့ရှိရပါတယ်။ ဒါပေမယ့်လည်း ယခုလို ဒေသကကန့်ကွက်မှုတွေရှိလာတဲ့အတွက် ပြန်လည်ကွင်းဆင်းစစ်ဆေးပြီး ကန့်ကွက်မှုတွေကသင့်လျော်မှန်ကန်လို့ရှိရင် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်ကို ဆက်လက်ခွင့်ပြုမှာမဟုတ်ဘဲ လိုအပ်သလိုစိစစ်တားမြစ်ကြပ်မတ်သွားမှာဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာစတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့်ပေးပို့ခဲ့တဲ့ တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကိုလက်ခံရရှိကြောင်း ၁-၈-၂၀၁၂ ရက်နေ့မှာ လွှတ်တော်သို့တင်ပြခဲ့ပြီး ကိုယ်စားလှယ်များထံ ဥပဒေကြမ်းမိတ္တူများကိုလည်း တစ်ပါတည်းဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်ဋ္ဌေးကြွယ်(မော်လမြိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဒေါ်ခင်ဌေးကြွယ် ဖြစ်ပါတယ်။ ကျွန်မက တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှလေ့လာစိစစ်တွေ့ရှိချက်အား အစီရင်ခံစာတင်ပြခြင်းကို ဥပဒေကြမ်းကော်မတီကိုယ်စား ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှပေးပို့လာသော တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်၌ဆွေးနွေးရန် အထက်ရည်ညွှန်းပါစာဖြင့်ပေးပို့လာပါသည်။

၂။ တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်ရေးဆွဲရခြင်း၏အဓိကရည်ရွယ်ချက် ၂ ရပ်ကိုတွေ့ရပါသည်။

(က) ခေတ်နှင့်လိုက်လျောညီထွေမဖြစ်သည့် ပြစ်ဒဏ်များကို ခေတ်နှင့်အညီဖြစ်စေရန်၊

(ခ) ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ အများပြည်သူပိုမိုရှင်းလင်းစွာသိရှိလိုက်နာစေရန်ဟူ၍ဖြစ်ပါသည်။

၃။ ယင်းဥပဒေကြမ်းတွင် ပုဒ်မ ၃ ခုကို ပြင်ဆင်ရန်တင်ပြထားပါသည်။ ယင်းတို့မှာ-

(က) ပုဒ်မ ၆ ပုဒ်မခွဲ(ခ) တွင်ပါရှိသည့် ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်သက်တမ်းတစ်ဆက်တည်း သုံးကြိမ်အထိသာ ကောင်စီဝင်အဖြစ်ဆောင်ရွက်ခွင့်ရှိသည်ဟူသည့် ပြဋ္ဌာန်းချက်ပါ ကောင်စီဝင်တစ်ဦး၏သက်တမ်းသည် တစ်ကြိမ်လျှင် လေးနှစ်ဖြစ်ရာ တစ်ဆက်တည်း သုံးကြိမ်တာဝန်ထမ်းဆောင်ရန်အခက်အခဲရှိနိုင်သဖြင့် တစ်ဆက်တည်း နှစ်ကြိမ်အထိသာဟု ပြင်ဆင်ရန်တင်ပြချက်၊

(ခ) ပုဒ်မ ၂၂ တွင် မည်သူမျှကောင်စီက ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်မရရှိဘဲ ပုဂ္ဂလိကအကျိုးစီးပွားအတွက် ငွေကြေး သို့မဟုတ် အကျိုးခံစားခွင့်ရယူ၍ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရဟုပြဋ္ဌာန်းထားရာ ယင်းပြဋ္ဌာန်းချက်တွင်ပါရှိသည့် ကောင်စီကထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်ရရှိသူမှသာ ဆေးကုသခွင့်ရရှိရန်နှင့် မှတ်ပုံတင်လက်မှတ်မရရှိသူသည် မည်သည့်အကြောင်းနှင့်မျှ ဆေးကုသလုပ်ကိုင်ခွင့်မရှိကြောင်း ပြင်ဆင်ရန်တင်ပြချက်၊

(ဂ) ပုဒ်မ ၂၄ ပုဒ်မခွဲ(က) တွင် ပုဒ်မ ၂၂ သို့မဟုတ် ပုဒ်မ ၂၃ ပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်၊ ငွေဒဏ်

သတ်မှတ်ချက်အနက် ယခင်က ငွေဒဏ်ကျပ် ၁၀၀၀၀ မှာ ခေတ်ကာလတန်ဖိုးသတ်မှတ်ချက်အရ နည်းပါးနေပါသဖြင့် ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန် တင်ပြချက်တို့ကိုတွေ့ရှိရပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှပေးပို့လာသော တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်မှတာဝန်ပေးအပ်ထားသည့် အချက် ၁၂ ချက်နှင့်အညီလေ့လာစိစစ်နိုင်ရန် ၃-၈-၂၀၁၂ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကျန်းမာရေးမြှင့်တင်မှုကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တာဝန်ရှိသူများနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါသည်။

၅။ ထိုသို့ဆွေးနွေးရာတွင် ပြင်ဆင်သည့်ဥပဒေကြမ်း၌ပါရှိသော ပုဒ်မ ၆ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၄ ပုဒ်မခွဲ(က) ပါ ပြင်ဆင်ချက်များနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအတိုင်း သဘောတူညီသင့်ပါကြောင်းလေ့လာစိစစ်တွေ့ရှိရပါသည်။

၆။ သို့ဖြစ်ပါ၍ တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူညီပါကြောင်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ အရစိစစ်ခဲ့ကြပြီး နည်းဥပဒေ ၄၅ နှင့်အညီ ပြည်သူ့လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ (သြဘာသံများ)

## တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိကအမည်စာရင်းတင်သွင်းရန် ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာဖော်ပြ၍ ၁-၉-၂၀၁၂ ရက် ၁၃း၀၀ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးကြရန် ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါ့မယ်။

**အချိန်၊ ၁၁ း ၁၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်။]

**အချိန်၊ ၁၁ း ၄၀ ။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒေါ်နန်းဝါနု၊ ကွန်ဟိန်းမဲဆန္ဒနယ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄ ပုဒ်မခွဲ(ဃ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကိုတိကျစွာသတ်မှတ်၍ ဥပဒေ၊ နည်းဥပဒေမူကြမ်းအဖြစ် ပြည်ထောင်စုလွှတ်တော်သို့ဆောလျင်စွာတင်သွင်းရေး နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအား မေတ္တာရပ်ခံတိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး (၂၆) ရက်မြောက်နေ့မှာ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုတင်သွင်းထားတဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၇ အရ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄ ပုဒ်မခွဲ (ဃ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကိုတိကျစွာသတ်မှတ်၍ ဥပဒေ၊ နည်းဥပဒေမူကြမ်းအဖြစ် ပြည်ထောင်စုလွှတ်တော်သို့ ဆောလျင်စွာတင်သွင်းရေး နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအား မေတ္တာရပ်ခံတိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် ၉ ဦးက ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။ ဦးစွာ မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့် အားဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းကျော်မြင့်(မိုးနဲမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုတင်သွင်းသောအဆိုကို ဆွေးနွေးမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအသီးသီးအား လွှတ်လပ်ခွင့်ပေးခြင်း၊ ၎င်းတို့တာဝန်ယူနိုင်လောက်သည့်အတိုင်းအတာအထိ ပိုမိုအပ်နှံထားခြင်းဖြင့် ပြည်သူများ၏လိုအပ်ချက်များကို အချိန်မီဖြေရှင်းနိုင်ပြီး ပြည်ထောင်စုတစ်ခုလုံးသည်လည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်။ ဗဟိုချုပ်ကိုင်မှုကြီးမားပါက သဘာဝသယံဇာတလယ်ယာမြေပြဿနာများ၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ ဆင်းရဲမွဲတေမှုပြဿနာများ၊ အလုပ်သမားပြဿနာ၊ ရေမီးပြဿနာစသည့် မတည်ငြိမ်မှုများဖြစ်နိုင်ပါသည်။ ဒါကြောင့် ဩဂုတ်လ ၁၅ ရက်နေ့တွင်ကျင်းပသော စီမံကိန်းကော်မရှင်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီးမိန့်ကြားခဲ့သည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအနေဖြင့် တစုတစည်းတည်းဖွဲ့စည်းဆောင်ရွက်နိုင်ရန် အခက်အခဲရှိနေခြင်းကြောင့် ပြည်ထောင်စုဝန်ကြီးများက ဥပဒေလုပ်ထုံးလုပ်နည်း Legal Framework ကိုသာ မတိမ်းစောင်းအောင်ထိန်းကျောင်းပေးပြီး လက်တွေ့အကောင်အထည်ဖော်မှုအပိုင်းမှာ အစိုးရအဖွဲ့ဌာနဆိုင်ရာပုဂ္ဂိုလ်များကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရကွပ်ကဲမှုဖြင့် လိုအပ်သလိုဖွဲ့စည်းဆောင်ရွက်စေမှသာလျှင် အောင်မြင်မည်ဖြစ်ကြောင်းမိန့်ကြားခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ မှာလည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရကချမှတ်ထားသည့် မူဝါဒနှင့်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့် သော်လည်းကောင်းမဆန့်ကျင်စေဘဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်း အကောင်အထည်ဖော်မည့်လုပ်ငန်းများနှင့် စပ်လျဉ်းသည့်စီမံကိန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဟု ပါရှိရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများအလိုက် သက်ဆိုင်ရာဒေသများအတွင်း လုပ်ငန်းများဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးဌာနများအသီးသီးသို့ ဘတ်ဂျက်များခွဲဝေချထားရန်လိုအပ်ပါတယ်။ ထိုအခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် မိမိဝန်ကြီးဌာနရုံးဖွင့်လှစ်၍ အနည်းဆုံးစာပေး၊

စာယူကဏ္ဍ၊ ငွေစာရင်းဌာန ဝန်ထမ်းအဖွဲ့အစည်းများဖွဲ့စည်းပြီး သက်ဆိုင်ရာဒေသတွင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နိုင်ရေး အနီးကပ်ကြပ်မတ်ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။ သို့မှသာ လက်အောက် အစိုးရဌာနများ၏ လေးစားမှု၊ အလေးထားမှုများကိုရရှိနိုင်ပြီး လုပ်ငန်းများကိုပီပြင်စွာဆောင်ရွက် နိုင်မည်ဖြစ်ပါတယ်။ ဒီ့အပြင် အခြေခံဥပဒေ ပုဒ်မ ၂၅၆ ပုဒ်မခွဲ(က)မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဝန်ကြီးဌာနများနှင့် ယင်းတို့၏ လက်အောက်အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များနှင့် အညီ ဖြစ်စေရန်လည်းကောင်းစီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းပြုရမည်ဟူ သောပြဋ္ဌာန်းချက်နှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၇-၈-၂၀၁၂ ရက်နေ့က ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့၌ NGO အဖွဲ့အစည်းတစ်ခုမှ ပြည်သူ ၁၂၀ ခန့်ကို ပြည်သူ့အသိအမြင်အတွေးအခေါ် မြင့်မားရေး(Capacity Building) သင်တန်း ၃ ရက်ပေးသည်ကို မြို့နယ်အုပ်ချုပ်ရေးမှူးက ဟန့်တားသည့်အတွက် တောင်ကြီးမှလူကြီးများ သွားရောက်ရှင်းလင်းဖြန်ဖြေပေးရကြောင်းသိရှိရပါ သည်။ အမှန်မှာ ဒီမိုကရေစီအသွင်ကူးပြောင်းနေသော ခေတ်ကာလတွင် ရှိသင့်ရှိအပ်သော၊ သိသင့် သိအပ်သော အသိအမြင်သဘောထားများကို ထို အုပ်ချုပ်ရေးမှူးကိုယ်တိုင် တက်ရောက်လေ့လာ သင့်သောသင်တန်းမျိုးဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် နိုင်ငံတော်သမ္မတကြီး၏မိန့်ကြား ချက်ကို ဝေးလံသောဒေသရှိ အုပ်ချုပ်ရေးပိုင်းတာဝန်ယူရသူအရာထမ်း၊ အမှုထမ်းများသိရှိသဘော ပေါက် လိုက်နာကျင့်သုံးပါရန်လိုအပ်ပါတယ်။ သို့ဖြစ်ရခြင်းကို ပြန်လည်ဆန်းစစ်ပါက ခေတ်စနစ် ပြောင်းသည်ဆိုသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ ဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၏တာဝန်များ၊ လုပ်ပိုင်ခွင့်များကို တိကျစွာသတ်မှတ်ပေးထားခြင်း မရှိ သေးခြင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏စီမံခန့်ခွဲရေး လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ အာဏာ များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အရာထမ်း၊ အမှုထမ်းများ၏ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ ရောထွေးနေခြင်းတို့ကြောင့် ဖြစ်သည်ဟုသုံးသပ်ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၄ ဇယား ၅ အပိုဒ် ၁၂ အပိုဒ်ခွဲ(က) တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက သစ်တောထွက်ပစ္စည်းနှင့်စပ်လျဉ်း၍ ကောက်ခံရမည့်အခွန်အခများအနက်

ကျွန်းနှင့်သတ်မှတ်သောသစ်မာများမှအပ ကျန်သစ်များအပေါ် ကောက်ခံသည့်အခွန်ဟူ၍ပါရှိပါသည်။ သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့၏ ၁၉၉၀ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့ နောက်ဆုံး ညှိနှိုင်းသဘောတူညီထားသော စာရင်းအရ သစ်မာအုပ်စုစာရင်း၌ သစ်မျိုးပေါင်း ၁၅၅ မျိုးဖြစ်သဖြင့် ကျန်သစ်များမရှိသလောက် အလွန်နည်းပါးပါသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ မိမိဒေသထွက်သစ်နှင့်ပတ်သက်၍ အခွန်ကောက်ခံခွင့်မရှိသလောက် ဖြစ်ပါသည်။ ဤသို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရလုပ်ပိုင်ခွင့်ကိုဖော်ပြထားသော်လည်း ပေးကားပေး၏မရ ဖြစ်နေသည်ကိုလည်း မျှတသောလုပ်ပိုင်ခွင့်ဖြစ်စေရန် သတ်မှတ်ပေးသင့်ကြောင်း တင်ပြအပ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ)တွင် နိုင်ငံတော်သည် တိုးတက်မှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေးတိုးတက်မှုဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်ဟု ပါရှိရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ထွက်ရှိသောသယံဇာတများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတို့အား တိကျသောအချိုးအစား၊ အမျိုးအစားများ သတ်မှတ်ကာ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့် အချိုးညီမျှစွာပေးမှသာလျှင် တိုးတက်မှုနည်းပါးသော တိုင်းရင်းသားတို့၏ဘဝမြင့်နိုင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်၏တင်ပြချက်တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏ တာဝန်များနှင့် လုပ်ပိုင်ခွင့်များကို တိကျစွာ သတ်မှတ်၍ ဥပဒေ၊ နည်းဥပဒေဆောလျင်စွာဖြစ်ပေါ်လာရေးကို ဦးတည်ရည်မှန်းထားသည်ဖြစ်ရာ လူမှုရေးကဏ္ဍနှင့်ပတ်သက်သည့် တာဝန်၊ လုပ်ပိုင်ခွင့်များတွင် ထည့်သွင်းရေးဆွဲရန် အချက်တစ်ချက် ကျွန်တော်တင်ပြဆွေးနွေးလိုပါတယ်။ လွန်ခဲ့သောနှစ် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလတွင်ကျင်းပခဲ့သော တောင်ကြီးမြို့ ကထိန်ပွဲတော်တွင် ကုံးကိန်းလောင်းကစားခုံပေါင်း ၄၀၀ ကျော်နှင့် အခြား လေးကောင်ဂျင်ကဲ့သို့သော လောင်းကစားဝိုင်းများခွင့်ပြုခဲ့ပြီး လူတစ်စုကောင်းစားရေးအတွက် နိုင်ငံတော်ဥပဒေနှင့်ဆန့်ကျင်လျက် သိသာထင်ရှားစွာလုပ်စားသွားခဲ့ပါတယ်။ လောင်းကစားခဲ့သော အများပြည်သူတို့မှာ ဆုံးရှုံးမှုများစွာနှင့်ဒုက္ခရောက်ရပါတယ်။ ဤလူငယ်လူရွယ်များ အကျင့်စာရိတ္တ ပျက်ပြားကုန်ပါပြီ။ အလွန်ကြီးမားသောလောင်းကစားဝိုင်းကို တာဝန်ခံ၊ တာဝန်ယူဆောင်ရွက်ခဲ့သူသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ လွှတ်တော်ကိုယ်စားလှယ်များသို့မှာကြားခဲ့သည့် ဥပဒေအထက်တွင် မည်သူမျှမရှိပါ။ ဥပဒေပြုရာတွင် အဖွဲ့အစည်းတစ်ခု၊ ပုဂ္ဂိုလ်တစ်ဦးအတွက်မဖြစ်စေရ။

အများပြည်သူတို့၏အကျိုးကို ကာကွယ်သည့်ဥပဒေဖြစ်ရမည်ဆိုသည်နဲ့ ဆန့်ကျင်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုနှစ် တန်ဆောင်တိုင်ပွဲတော်လည်းနီးကပ်လာပါပြီ။ တစ်ပဲရှိတစ်မူးလှူ ဒေသခံတိုင်းရင်းသားအလှူရှင်များသာမက မြန်မာနိုင်ငံအနှံ့မှအလှူရှင်များ လာရောက်လှူဒါန်းကြမည်ဖြစ်ပါတယ်။ နိုင်ငံခြားသားဧည့်သည်များလည်း လာရောက်လေ့လာပျော်ပါးကြမည်ဖြစ်ပါသည်။ ထိုအခါ ယခင်နှစ်ကကဲ့သို့ မျက်နှာပန်းမလှဖြစ်ရမည့်အဖြစ်မျိုးကြုံရဆုံရမည်ကို လူငယ်လူရွယ်ကျောင်းသား၊ မိဘပြည်သူများ၊ ပြည်သူ့ကိုယ်စားလှယ်များက စိုးရိမ်လျက်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၃ ၌လည်း နိုင်ငံတော်သည် လူငယ်များမျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက်ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားရာ နိုင်ငံတော်တွင် အရေးတကြီးလိုအပ်လျက်ရှိသော လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တသုတပညာ ခေတ်မီတိုးတက်မြင့်မားရေးတို့အတွက် မဖြစ်မနေဦးစားပေးဆောင်ရွက်ရမည့်အချိန်ဖြစ်ပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၏ တာဝန်၊ လုပ်ပိုင်ခွင့်များကို ဥပဒေ၊ နည်းဥပဒေများဖြင့် တိတိကျကျသတ်မှတ်ပေးမှသာလျှင် တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်ရှိမှုများအရ ထိုရည်မှန်းချက်ကိုပေါက်မြောက်အောင်မြင်နိုင်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အများပြည်သူအကျိုးအတွက် အဆိုရှင် အဆိုပြုတဲ့ဥပဒေ၊ နည်းဥပဒေများသည် မဖြစ်မနေရှိသင့်ပြဋ္ဌာန်းသင့်တဲ့ဥပဒေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုတင်သွင်းသောအဆိုကို ဤပြည်သူ့လွှတ်တော်မှ အတည်ပြုဆောင်ရွက်သင့်ပါကြောင်းအလေးအနက်ထား၍ ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်နန်းစေအွာ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးရှင့်။ သန်း ၆၀ သော ပြည်သူလူထုတွေရှိနေတဲ့ ကျွန်မတို့ရဲ့ နိုင်ငံတစ်ဝန်းမှာ ကျေးရွာ၊ ရပ်ကွက်တွေနဲ့ ဖွဲ့စည်းထားတဲ့ မြို့နယ်အသီးသီးက ရွေးချယ်တင်မြှောက်ထားတဲ့ ၃၃၀ သော လူထုကိုယ်စားလှယ်တွေဟာ ယနေ့အဆိုတင်သွင်းကြ၊ ဆွေးနွေးကြ၊ တိုင်ပင်ကြတာ ကိုယ်စားလှယ်တွေ အကျိုးစီးပွားမဟုတ်ပါဘူးလို့ ပထမဦးစွာ ပြောကြားလိုပါတယ်။ ဥပဒေနှင့်အညီ ပြည်သူများရဲ့အကျိုးအတွက် လုပ်ပိုင်ခွင့်တွေ၊ လုပ်ဆောင်သင့်တာတွေကို တောင်းဆိုဆွေးနွေးကြတာပါလို့ယူဆပါတယ်။ ပြည်သူရဲ့

ကိုယ်စားပြောပေးနေတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေပါ။ ပြည်သူ့အကျိုးကိုအကြောင်းပြု ကိုယ်ကျိုးရှာနေတဲ့ ပွဲစားမဟုတ်ပါဘူးလို့ပြောကြားလိုပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ နိုင်ငံတော်ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖြစ်ပါတယ်။ ပြည်ထောင်စုဆိုတဲ့အတွက် တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ဖွဲ့စည်းထားတဲ့ နိုင်ငံတော်ဖြစ်ပါတယ်ရှင်။ အဲဒါကြောင့်မို့လို့လည်းပဲ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရဆိုပြီးတော့ အစိုးရနှစ်ရပ်ရှိနေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဇယား ၁၊ ဇယား ၂ ဆိုပြီး ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။ ဇယား ၂ မှာ ပါရှိတဲ့ ပြဋ္ဌာန်းချက်တွေဟာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း ဖြစ်ပါတယ်။ အဲဒီစာရင်းမှာပါတဲ့ ကဏ္ဍတွေကတော့ (၁) ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍ၊ (၂) စီးပွားရေးကဏ္ဍ၊ (၃) စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ (၄) စွမ်းအင်၊ လျှပ်စစ်၊ သစ်တောနှင့် သတ္တုကဏ္ဍ၊ (၅) စက်မှုလက်မှုကဏ္ဍ၊ (၆) ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးကဏ္ဍ၊ (၇) လူမှုရေးကဏ္ဍနှင့် (၈) စီမံခန့်ခွဲရေးကဏ္ဍတို့ဖြစ်ပါတယ်။ ဒီကဏ္ဍတွေက တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးတွေရဲ့လုပ်ပိုင်ခွင့်၊ တာဝန်တွေဖြစ်ပြီး ဒီတာဝန်တွေကို လုပ်ကိုင်နိုင်ဖို့အတွက် ဥပဒေ၊ နည်းဥပဒေ၊ မူကြမ်းတွေကိုလိုအပ်လျက်ရှိပါတယ်။ ဒါမှသာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပြဋ္ဌာန်းခဲ့တဲ့ဇယား ၂ ပါ ပြဋ္ဌာန်းချက် အချက်အလက်တွေဟာ အသက်ဝင်လာမှာဖြစ်သလို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှာရှိနေတဲ့အစိုးရများကလည်းပဲ သက်ဆိုင်ရာလူထုအတွက် နေ့စဉ်လိုအပ်ချက်များကို ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်ရှင်။ ဒါကြောင့် ပုဒ်မ ၂၆၄ ပုဒ်မခွဲ(ဃ)မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းသတ်မှတ်ရမည်ဆိုတာလည်းပါရှိပြီးဖြစ်တဲ့အတွက်ကြောင့် ဒေါ်နန်းဝါနုရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်မိမြင့်သန်း၊ ရေးမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ဒေါ်နန်းဝါနုရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ ကျွန်မတို့ မြန်မာနိုင်ငံကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟု ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်အမည်မှတ်ထားပါတယ်။ တိုင်းဒေသကြီး

၇ ခုနှင့် တိုင်းရင်းသားလူမျိုးများပေါ်အခြေခံတဲ့ ပြည်နယ် ၇ ခုအဖြစ်သတ်မှတ်ပြီးတော့ ဖွဲ့စည်းထားခဲ့ပါတယ်ရှင်။ တိုင်းဒေသကြီးများနှင့် ပြည်နယ်တို့ကို ပြည့်ဝတဲ့အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာကိုအပြည့်အဝမပေးဘဲ ပြည်ထောင်စုအစိုးရ သို့မဟုတ် ဗဟိုကပဲ ချုပ်ကိုင်ဆောင်ရွက်နေမယ်ဆိုရင် ပြည်ထောင်စုစနစ်မဟုတ်ဘဲ တစ်ပြည်ထောင်စနစ်ဖြစ်နေမယ်လို့ သုံးသပ်မိပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ အဆိုရှင်တင်သွင်းထားတဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄ ပုဒ်မခွဲ (ဃ) အရကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးပါလို့ အကြံပြုလိုပါတယ်ရှင်။ ၎င်းအပြင် ပုဒ်မ ၂၄၉ တွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏အုပ်ချုပ်မှုအာဏာသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သောကိစ္စရပ်များသို့ သက်ရောက်ပျံ့နှံ့တယ်လို့ဆိုထားပါတယ်ရှင်။ ပြည်ထောင်စုဥပဒေတစ်ရပ်ရပ်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအား ဆောင်ရွက်ခွင့်ပြုသည့်ကိစ္စရပ်များသို့လည်း သက်ရောက်ပျံ့နှံ့တယ်လို့ဆိုထားပါတယ်ရှင်။ ပြည်ထောင်စုစနစ်ဟာ အဓိကအားဖြင့် ဗဟိုချုပ်ကိုင်မှုနည်းသောစနစ်ဖြစ်ပါတယ်ရှင်။ ဗဟိုချုပ်ကိုင်မှုများရာကနေ လျှော့ချတဲ့ Decentralization ဖြစ်ရင် ပိုမိုကောင်းမွန်မယ်လို့အကြံပြုချင်ပါတယ်ရှင်။ ဒါကြောင့် ပုဒ်မ ၂၄၉ အတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့ဟာ လွတ်လပ်စွာဆောင်ရွက်ခွင့်ပြုသင့်ပါတယ်လို့ ကျွန်မအနေနဲ့ထင်မြင်ယူဆမိပါတယ်ရှင်။ ဒါမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့က ပြည်သူတွေအတွက်ပိုမိုပြီးတော့ တာဝန်ထမ်းဆောင်ပေးနိုင်မယ်လို့ထင်မြင်ယူဆမိပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဟာ ဗဟိုအစိုးရရဲ့လက်အောက်ခံမဟုတ်ပါဘူး။ အခြေခံဥပဒေ ၁၀၂ မှာလည်း ဒီအတိုင်းပြထားပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်၏အခြေခံဥပဒေမှာပေးထားတဲ့ တာဝန်နှင့် အခွင့်အရေးများဖြစ်ပါတယ်ရှင်။ သို့သော် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနမှသွယ်ဝိုက်၍သော်လည်းကောင်း၊ တိုက်ရိုက်၍သော်လည်းကောင်း လွှမ်းမိုးချယ်လှယ်နေကြောင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ပြော၍မဆုံးဖြစ်နေခဲ့ပါတယ်ရှင်။ ဥပမာတစ်ခုကိုပြရရင် သတ္တုတွင်းဝန်ကြီးဌာနဆိုရင် အခြေခံပြည်သူများအား တစ်နိုင်တစ်ပိုင်လုပ်ပိုင်ခွင့်ဥပဒေပြဋ္ဌာန်းထားပေမယ့် သတ္တုတွင်းဝန်ကြီးဌာန၏ လူထုကိုမလေးစားသောအားဖြင့် တစ်နိုင်တစ်ပိုင်ကိုလုပ်ပိုင်ခွင့်မပေးတော့ဘူးဆိုပြီး အာဏာရှင်ဆန်ဆန် တစ်ချက်လွှတ်

နှုတ်ဥပဒေဖြင့် ပြည်သူရဲ့လုပ်ပိုင်ခွင့်ကို တားဆီးပိတ်ပင်ခဲ့ပါတယ်ရှင်။ နိုင်ငံခြားသားများကိုတော့ အလွယ်တကူ အခက်အခဲမရှိခွင့်ပြုနေကြတယ်လို့ မကျေနပ်တဲ့ပြည်သူလူထုတွေက ပြောနေကြပါတယ်ရှင်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကမ္ဘာပေါ်မှာ ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ ပြည်ထောင်စုနိုင်ငံတွေကိုလေ့လာကြည့်ရင် သူတို့နိုင်ငံအောင်မြင်တိုးတက်နေတာဟာ ဗဟိုချုပ်ကိုင်မှု စနစ်အနည်းဆုံးဖြစ်အောင် စီမံဆောင်ရွက်နေခြင်းကို အဓိကအရေးကြီးတဲ့အချက်တစ်ချက်အနေနဲ့ ထည့်သွင်းထားပါတယ်ရှင်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၇ အရလည်း ပြည်ထောင်စုအစိုးရက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့ကို တာဝန်ခွဲဝေပေးခဲ့ပါတယ်ရှင်။ ပြည်ထောင်စုအစိုးရက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကို ပညာရေး၊ ကျန်းမာရေးအစရှိတဲ့ ဝန်ကြီးဌာနလုပ်ငန်းများ အားလုံးခွဲဝေပေးရင် ယခုလက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေကိုမပြင်ဘဲ တကယ့် ပြည်ထောင်စုအဆင့်ကို လွယ်လွယ်ကူကူကောင်းကောင်းမွန်မွန် အကောင်အထည်ဖော်နိုင်မယ်လို့ ကျွန်မအနေနဲ့ ထင်မြင်သုံးသပ်မိပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတွေဟာ ပါတီပေါင်းစုံမှ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြတဲ့အတွက် ဘာဖြစ်လို့ တာဝန်များကိုအပြည့်အဝမလွှဲအပ်ပေးနိုင်ရမှာလဲလို့ မေးမြန်းချင်ပါတယ်ရှင်။ နောက်တစ်ချက်က အဆိုရှင်၏စာမျက်နှာ ၃ စာပိုဒ် ၂ မှာဆိုထားတာက အချို့ဝန်ကြီးများမှာ Cabinet တက်ခွင့်မရှိကြောင်းလို့ဆိုထားပါတယ်ရှင်။ မှန်ပါတယ်ရှင်။ တိုင်းရင်းသားဝန်ကြီးများဟာ Cabinet တက်ခွင့်မရှိပါဘူး။ ဒါဆိုရင် ဘာလုပ်ခွင့်ရှိလဲမေးကြည့် တော့ ဘာမှလုပ်ခွင့်မရှိပါဘူးလို့ ဖြေကြပါတယ်ရှင်။ တိုင်းရင်းသားဝန်ကြီးလို့နာမည်တပ်ထားပြီး ဘာမှ လုပ်ခွင့်မပေးထားဘူးဆိုရင်တော့ လွှတ်တော်အနေနဲ့ ပြန်လည်သုံးသပ်ဖို့လိုအပ်နေပြီလို့ ထင်မြင်ယူဆမိပါတယ်ရှင်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ဒေါ်နန်းဝါနုရဲ့အဆိုကို ထောက်ခံရင်း ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ဖော်ဆောင်ရန်သင့်ပြီလို့တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ (ရသေ့တောင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ ရှိသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး

မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု၏အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့် နိုင်ငံတစ်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အုပ်ချုပ်ရေးဆိုင်ရာမူဝါဒများပါရှိပြီး ၎င်းမူဝါဒအတိုင်း အုပ်ချုပ်ရေးဆိုင်ရာယန္တရားများကို လည်ပတ်ဆောင်ရွက်စေရပါတယ်ရှင်။ ဥပမာအားဖြင့် ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အုပ်ချုပ်ရေးဆိုင်ရာမူဝါဒမှာ ဗဟိုကဦးစီးဦးဆောင်ပြု၍ ဒေသအလိုက်စီမံခန့်ခွဲဆောင်ရွက်သည်ဟု ပြဋ္ဌာန်းချမှတ်ခဲ့ပါသော်လည်း ဗဟိုချုပ်ကိုင်မှုများသွားတဲ့အတွက် အရှေ့တောင်အာရှမှာ ချမ်းသာသောနိုင်ငံကနေ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံသို့ ရောက်ရှိသွားတာဟာ အားလုံးလက်တွေ့ပဲဖြစ်ပါတယ်။ ယခု ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခန်း(၅) အုပ်ချုပ်ရေးကဏ္ဍရှိ ပုဒ်မ ၂၁၆မှ ၂၂၈ အထိ ပြည်ထောင်စုအစိုးရ၏ လုပ်ပိုင်ခွင့်အာဏာများ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၂၂၅တွင် ပြည်ထောင်စုအစိုးရသည် တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရတို့ကလည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့ကလည်းကောင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ထိရောက်အောင်မြင်မှုရရှိစေရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးသည်ဟုပြဋ္ဌာန်းထားပါတယ်။ တိုင်းဒေသကြီးအစိုးရ သို့မဟုတ် ပြည်နယ်အစိုးရအုပ်ချုပ်ခွင့်အာဏာကိုလည်း ပုဒ်မ ၂၄၉ မှ ၂၅၉ အထိ ပြဋ္ဌာန်းပေးအပ်ထားတာကို တွေ့ရှိရပါတယ်။ ပုဒ်မ ၂၄၉ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာသည် ဥပဒေပြုနိုင်သော ကိစ္စရပ်များသို့ သက်ရောက်ပျံ့နှံ့သည်ဟုလည်း ပြဋ္ဌာန်းထားပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ပုဒ်မ ၂၅၀တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီရန်တာဝန်ရှိသည်ဟုလည်းကောင်း၊ ပုဒ်မ ၂၅၁ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရကချမှတ်ထားသော မူဝါဒများနှင့်သော်လည်းကောင်း ပြည်ထောင်စုဥပဒေများကိုသော်လည်းကောင်း မဆန့်ကျင်စေပဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများနဲ့ စပ်လျဉ်းတဲ့စီမံကိန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမယ်လို့ အကျယ်တဝင့်ပြဋ္ဌာန်းထားပါတယ်။

ယခုအခါ ပြည်ထောင်စုအစိုးရ၊ ဝန်ကြီးဌာန ၃၃ ဌာနဖြစ်နေပြီးတော့ တကယ့်အကောင်အထည် ဖော်ရတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရမှာ ဝန်ကြီးဌာနဟာ အနည်းဆုံး ၅ ဌာနနဲ့ အများဆုံး ၁၀ ဌာနသာဖြစ်နေပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ဗဟိုချုပ်ကိုင်မှုများနေပြီးတော့ အောက်ခြေ၌အကောင်အထည်ဖော်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ဆောင်ရွက်နိုင်မှု အားနည်းနေတာကိုတွေ့မြင်နေရပါတယ်။ ဒ့ါအပြင် အခြေခံဥပဒေဇယား ၅ ပါ အခွန်အခများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရမှကောက်ခံရယူမည်ဟုပါသော်လည်း အချို့သောအခွန် အခများဟာ ယခင်အစိုးရအတိုင်းပဲ ပြည်ထောင်စုအစိုးရဌာနမှ တိုက်ရိုက်ကောက်ခံရယူမှုတွေရှိနေပါ တယ်။ ဥက္ကဋ္ဌကြီးရှင့်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိ ရေးရာဝန်ကြီးများအား အုပ်ချုပ်ရေးရာ ကိစ္စများမှာ ပစ်ပယ်ထားသကဲ့သို့ဖြစ်နေသည်မှာလည်း တိုင်းရင်းသားညီညွတ်ရေးကို အထူးထိခိုက် နေပါတယ်။ တိုင်းရင်းသားရေးရာဝန်ကြီးများ အုပ်ချုပ်ရေးဆိုင်ရာအစည်းအဝေးများ လုံးဝဖိတ်ကြား ခြင်းမရှိပဲ ပစ်ပယ်ထားခြင်းများမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ နိုင်ငံတော်အခြေခံမူများပုဒ်မ ၁၇ (ဂ) ပါ တိုင်းရင်းသားရေးရာဝန်ကြီးများအား အုပ်ချုပ်ရေးတွင်ပါဝင်စေရမည်ဟူသော အခြေခံမူနဲ့ ဆန့်ကျင်နေပြီး တိုင်းရင်းသားညီညွတ်ရေးကို ထိခိုက်စေသလိုဖြစ်နေပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးများဖြစ်တဲ့ တိုင်းရင်းသားရေးရာဝန်ကြီးများဟာ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီး များ၏ခံစားခွင့်နဲ့ အဆင့်တူသတ်မှတ်ပေးရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးမှာ ဆုံးဖြတ်ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကိုယ်စား ရှေ့နေချုပ်မှ ပြင်ဆင်မှုအားတင်သွင်းသော်လည်း ခုံရုံးမှ မူလစီရင်ချက်ကို အတည်ပြုခဲ့ပါတယ်။ သို့သော်လည်း တိုင်းရင်းသားရေးရာဝန်ကြီးများအား ယနေ့အထိတိုင် တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးများ၏ခံစားခွင့်များအား သတိမူဆောင်ရွက်ပေးခြင်းမရှိသေးတာကို တွေ့ရှိနေရပါတယ်။ ဒီလိုဆောင်ရွက်ချက်များဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း ထိခိုက်သလိုဖြစ်နေတာကိုတွေ့ရပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်များ မည်ကဲ့သို့ချုပ်ကိုင်ရမည် ဗဟိုမှအောက်ခြေအထိ မည်ကဲ့သို့ကိုင်တွယ်ထားရမည်လို့ စဉ်းစားနေတာထက် ၎င်းတို့ဖာသာ လွတ်လပ်စွာလုပ်ကိုင်နိုင်စေရန် မည်ကဲ့သို့လမ်းဖွင့်ပေးရမည် ဒီမိုကရေစီမဏ္ဍိုင်များကဲ့သို့ ပြည်ထောင်စုနှင့် ပြည်နယ်၊ တိုင်းဒေသကြီးများဟာ သူ့ကဏ္ဍနဲ့သူ လွတ်လပ်စွာတည်ရှိနေခြင်းကိုသာ စဉ်းစားခြင်းဟာ ပြည်ထောင်စုစနစ်ရဲ့ အနှစ်သာရလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရှိ ပြည်နယ်၊ တိုင်းဒေသကြီးအာဏာဟာ အနည်းဆုံးအိမ်နီးချင်းနိုင်ငံတစ်ခုရဲ့ကျင့်သုံးနေသော ပြည်နယ်များအပေါ် ထားရှိတဲ့ အဆင့်လောက်တော့ရရှိသင့်ပါတယ်။ ရရှိသင့်ပါတယ်လို့ နှစ်ပေါင်း ၆၀ ကျော် အရင်းအနှီး

ကြီးကြီးမားမားပေးဆပ်ထားသော ပြည်တွင်းစစ်သမိုင်းက ပြောပြနေပါတယ်ရှင်။ ဒါကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဝန်ကြီးချုပ်နဲ့ ဝန်ကြီးများကို ၎င်းတို့နဲ့သက်ဆိုင်တဲ့ လုပ်ပိုင်ခွင့်၊ တာဝန်၊ ရပိုင်ခွင့်နဲ့ပတ်သက်တဲ့ဥပဒေကြမ်းတစ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရေးဆွဲကာ ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းပြဋ္ဌာန်းမှုသာလျှင် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး တန်းတူညီမျှရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော တို့တာဝန်အရေးသုံးပါးနှင့်အညီ ဖြစ်ထွန်းလာမည်ဖြစ်ပြီးတော့ ထာဝရငြိမ်းချမ်းရေးကိုလည်း တည်ဆောက်လာနိုင်မည်ဖြစ်ပါတယ်။ ဒါ့အပြင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကိုလည်း ထင်ရှားစွာ သက်သေပြရာရောက်ပါတယ်။ သို့ဖြစ်ပါ၍ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု တင်သွင်းထားတဲ့ အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသိန်းအောင် (တာချီလိတ်မဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တာချီလိတ်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစိုင်းသိန်းအောင်မှ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကွန်ဟိန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုရဲ့အဆိုကို ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့အဆိုပြုချက်ထဲမှာပါတဲ့ တိကျပြတ်သားမှုမရှိဘူးဆိုတဲ့စကားလုံးကို အနည်းငယ်ဆွေးနွေးလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တိကျပြတ်သားမှုမရှိဘူးဆိုတာ ပွင့်လင်းမြင်သာမှု မရှိဘူးလို့ပဲ ကျွန်တော်ယူဆပါတယ်ခင်ဗျား။ သာဓကအားဖြင့်ပြရရင် တာချီလိတ်က ဝမ်ပုံလမ်းတံတား ငွေကောက်ခံခြင်းနဲ့ပတ်သက်ပြီး ဥပဒေနဲ့လုံးဝညီညွတ်ခြင်းမရှိကြောင်း ၁၀-၈-၂၀၁၂ ရက်နေ့မှာ ပြည်နယ်အစိုးရထံတင်ပြခဲ့ပါတယ်။ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပြည်နယ်လုပ်ပိုင်ခွင့် အညွှန်းပြမြေပုံထဲမှာမရှိဘူး။ ပြည်ထောင်စုကိုသာတင်ပြပါလို့ နှုတ်ဖြင့်ဖြေကြားလာတဲ့အတွက် ၂၀၁၁ခုနှစ်၊ သြဂုတ်လ ၂၆ ရက်နေ့ရက်စွဲဖြင့် ကြယ်ပွင့်ပြမေးခွန်းလွှာကို ပြည်သူ့လွှတ်တော်ရုံးသို့ ကျွန်တော် တင်သွင်းခဲ့ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဤကိစ္စဟာ ပြည်နယ်အစိုးရရဲ့ လုပ်ပိုင်ခွင့်သာဖြစ်တယ်လို့ လွှတ်တော်ထဲမှာဖြေကြားသွားခဲ့ပါတယ်။ ဤကိစ္စဟာ ပြည်နယ်အဆင့်ကို ကျွန်တော်တင်ပြခဲ့ပါတယ်။ ပြည်နယ်က ပြည်ထောင်စုကိုတင်ပြပါလို့ ပြန်ကြား

ခဲ့ပါတယ်။ ပြည်ထောင်စုကိုတင်ပြတဲ့အခါကျတော့ အခုက ပြည်နယ်ရဲ့လုပ်ပိုင်ခွင့်ပါဆိုပြီးတော့ ပြန်လည်လွှဲအပ်ပေးခဲ့တယ်။ သံသရာလည်နေပါတယ်ခင်ဗျား။ ဒါကို ကြည့်ခြင်းအားဖြင့် ပြည်နယ်အစိုးရအဖွဲ့က သူတို့ရဲ့လုပ်ပိုင်ခွင့်လုပ်ငန်းတာဝန်များဟာ အောက်ပါအတိုင်းဖြစ်သည်ဆိုတဲ့ တိကျတဲ့စာသားဒါမှမဟုတ် နည်းဥပဒေလိုအပ်နေတာကြောင့်ဖြစ်တယ်လို့ယူဆပါတယ်။ နောက်တစ်ချက်က ပြတ်သားမှုမရှိဘူးဆိုတဲ့စကားလုံးပါ။ ဘာကြောင့်လဲဆိုတော့ ဝန်ကြီးချုပ်ရဲ့ တာချီလိတ်ခရီးစဉ်မှာ ကျွန်တော်ကခရီးထွက်နေတဲ့အတွက် တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူးကို ဒီဝမ်ပုံလမ်းတံတားကိစ္စနဲ့ ပတ်သက်ပြီးတော့ ဝန်ကြီးချုပ်ထံတင်ပြပေးပါလို့ ကျွန်တော် တယ်လီဖုန်းဖြင့် ညှိနှိုင်းအကူအညီတောင်းခံခဲ့ပါတယ်။ ခရိုင်အုပ်ချုပ်ရေးမှူးက မိုင် ၃၀ ကျော်ရှည်တဲ့ တာချီလိတ်-တာလေမြို့နယ်ခွဲလမ်းမမှာ ဆိုင်ကယ်တစ်စီးကို ထိုင်းဘတ်ငွေ ၅ ဘတ်ပဲကောက်ပါတယ်ခင်ဗျား။ ဒီလမ်းကတော့ ၂ မိုင်နဲ့ ၂ ဖာလုံပဲရှိပြီးတော့ ဘတ် ၂၀ ကောက်တယ်ဆိုတာ နှိုင်းယှဉ်ပြီးတော့တင်ပြတဲ့အခါမှာ ဝန်ကြီးချုပ်က အရင်အတိုင်းပဲကောက်ပါဆိုပြီးတော့ မှတ်ချက်ပေးသွားခဲ့ပါတယ်။ ဝန်ကြီးချုပ်က အရင်အတိုင်းပဲကောက်ပါလို့ မှတ်ချက်ပေးသွားရတာ ဘာကြောင့်မို့လို့ကောက်ပါသလဲ။ ဥပဒေပုဒ်မ ဒီလောက်၊ ဒီလောက်နဲ့ ညီညွတ်တဲ့အတွက်ကြောင့်မို့လို့ကောက်ပါဆိုတဲ့ ခိုင်လုံတဲ့အကြောင်းပြချက်မရှိဘဲ မှတ်ချက်ပေးသွားခြင်းဟာ ပွင့်လင်းမြင်သာမှုမရှိဘူးလို့ကျွန်တော်ယူဆပါတယ်။ ဒီလိုဖြစ်ရခြင်းဟာ ဝန်ကြီးချုပ်က ဥပဒေနဲ့ညီအောင်မလုပ်ပေးချင်တဲ့ စိတ်ဆန္ဒနဲ့ကြောင့်မဟုတ်ပဲ ဖြေရှင်းဆောင်ရွက်ပေးလိုတဲ့ စိတ်ဆန္ဒတော့ရှိမှာပါလို့ထင်မြင်မိပါတယ်။ မဆောင်ရွက်ပေးနိုင်တဲ့ အကြောင်းအရင်းကတော့ ဒီနည်းဥပဒေတွေ၊ ဒီလိုလုပ်ပိုင်ခွင့်အာဏာတွေ ပြည့်ပြည့်ဝဝ မိမိတို့ဆီမှာရှိတယ်ဆိုတဲ့ ဒီနည်းဥပဒေတွေ တိကျစွာတရားဝင်ထုတ်ပြန်ထားခွင့်ရှိသင့်တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အခုတင်ပြသွားတဲ့သာဓကအနေနဲ့ တင်ပြသွားတဲ့ကိစ္စဟာ ယခုအချိန်အထိ အဆမတန်များပြားလွန်းတဲ့ ဈေးနှုန်းနဲ့ကောက်ခံနေလျက်ရှိပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့လည်း စိစစ်ဆောင်ရွက်ပေးပါလို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်မံမေတ္တာရပ်ခံအပ်ပါတယ်။ စိစစ်ဆောင်ရွက်ရန်အတွက် သိလိုတဲ့အချက်အလက်များရှိရင်လည်း ကျွန်တော့်ကို မေးမြန်းနိုင်ပါတယ်လို့တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းတံတား BOT ကောက်ခံမှုနဲ့ ဆောက်လုပ်ရေးဝန်ထမ်းများရဲ့ ကိစ္စရပ်များကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လုပ်ပိုင်ခွင့်မရှိသလောက်နည်းပါးခြင်း၊ လယ်ယာနှင့် ဆည်မြောင်းဝန်ကြီးဌာနကလည်းပဲ ၎င်းဌာနမှာရှိတဲ့ကိစ္စရပ်များကို ပြည်နယ်လယ်ယာစိုက်ပျိုးရေးဝန်ကြီးက စီမံခန့်ခွဲပိုင်ခွင့်မရရှိခြင်းစသည်ဖြင့်ရှိနေကြပါတယ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများဟာ သက်ဆိုင်ရာဝန်ကြီးဌာနအပေါ်၌ ကြီးကြပ်ကွပ်ကဲ စီမံခန့်ခွဲနိုင်ခွင့်နည်းနေပါတယ်။ မရှိသလောက်နည်းနေပါတယ်။ ပြည်နယ်ဝန်ကြီးတစ်ဦးရဲ့ လက်အောက်မှာထားရှိတဲ့ ဝန်ထမ်းများဟာ ၎င်းတို့ရဲ့မိခင်ဌာနဖြစ်တဲ့ သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်တို့ရဲ့ အမိန့်၊ ညွှန်ကြားချက်များကိုသာ လိုက်နာ နေကြပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများဟာ ညွှန်ကြားရေးမှူး ချုပ်၊ ညွှန်ကြားရေးမှူးတစ်ဦးရဲ့အမိန့်၊ ညွှန်ကြားချက်များကိုသာ လိုက်နာဆောင်ရွက်နေရတဲ့သဘော ဖြစ်နေပါတယ်။ ပြည်နယ်ဝန်ကြီးတစ်ဦးက သာမန်ဌာနတစ်ခုရဲ့ ဦးစီးမှူးတစ်ဦးအဆင့်လောက် သာရှိနေပါတယ်။ ဒါဟာ မဖြစ်သင့်မဖြစ်ထိုက်တဲ့ကိစ္စရပ်ပါခင်ဗျား။ အိန္ဒိယနိုင်ငံမှာဆိုရင် ပြည်ထောင်စုအဆင့်ဟာ ပေါ်လစီများရေးဆွဲပေးပြီး တကယ့်လက်တွေ့အကောင်အထည်ဖော်တဲ့ နေရာမှာကျတော့ ပြည်နယ်နှင့် တိုင်းဒေသကြီးရဲ့ဝန်ကြီးများကဆောင်ရွက်ရပါတယ်။ ထိုနည်းလည်း ကောင်းပဲ အခြားနိုင်ငံများမှာလည်း ဒီလိုကျင့်သုံးတာများပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာကျတော့ ပြည်နယ်ဝန်ကြီးများဟာ သူတို့ဌာနရဲ့လုပ်ဆောင်ချက်တွေကိုသိရှိရတယ်ဆိုတဲ့အကြောင်း သက်သေ လက်မှတ်ရေးထိုးပေးတဲ့ ပုဂ္ဂိုလ်တစ်ဦးသာဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ချက်ကတော့ ပြည်နယ်ဝန်ကြီးများရဲ့ချီးမြှင့်ငွေပါ။ ချီးမြှင့်ငွေ သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေအဆောင်အယောင်များ ဆိုင်ရာဥပဒေပါ သတ်မှတ်ထားတဲ့အတိုင်းခံစားနိုင်ရန်အတွက် သို့မဟုတ် သူတို့ဆန္ဒအတိုင်း အပြည့်ယူ မည်၊ မယူမည်ဆိုတာကို ဆုံးဖြတ်ပိုင်ခွင့် သို့မဟုတ် ရွေးချယ်ပိုင်ခွင့်ပေးပါလို့တင်ပြချင်ပါတယ်။ ရှမ်းပြည်နယ်မှာဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၈ နှင့် ၃၀၈ တို့အရ ပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ဥပဒေချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ တရားသူကြီးများကို ၂၀၁၁ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ ရှမ်းပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေးရဲ့ တတိယနေ့မှာအတည်ပြုပေးခဲ့ပါတယ်။ ယနေ့ဆိုရင် ပြည်နယ်ဝန်ကြီးများဟာ လပေါင်း ၁၉ လခန့် အတွင်းမှာ မိမိတို့ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်များကို သက်ဆိုင်ရာမှ တိကျစွာမဖော်ပြနိုင်တဲ့အတွက် ကြောင့်မို့လို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် မေးခွန်းများ၊ အဆိုများ၊ တင်သွင်း ဆွေးနွေးကြရာမှာ အခက်အခဲဖြစ်နေပါတယ်။ မတင်သွင်းနိုင်ကြပါဘူး။ တင်သွင်းလည်းပဲ ဖြေဖို့အားနည်းနေတဲ့အတွက်ကြောင့်မို့လို့ဖြစ်ပါတယ်။ ထိုကဲ့သို့ဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ ဒီ ပြည်ထောင်စုမှာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် လွှတ်တော်

ကိုယ်စားလှယ်များက ပြည်နယ်အဆင့်မှာဆွေးနွေးရမယ့်ဥစ္စာကို ပြည်ထောင်စုမှာတင်လာရတဲ့အတွက် ကျွန်တော်တို့တွေ ပြည်ထောင်စုလွှတ်တော်မှာ အဆိုတွေ၊ မေးခွန်းတွေများပြားလာရခြင်း ဖြစ်တယ်လို့ သုံးသပ်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ယခုအဆိုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄ ပုဒ်မခွဲ (ဃ) ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ညွှန်းထားတယ်လို့မှတ်ယူတဲ့အတွက် အတည်ပြုပေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုံကွမ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခမိုင်မုံကွမ် (ဆွမ်ပရာဘွမ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမိုင်မုံကွမ် (ခ) ဒူဝါခမိုင်တန် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်ဆွေးနွေးထောက်ခံလိုသောကဏ္ဍများမှာ ဒေါ်နန်းဝါနု၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၄ ပုဒ်မခွဲ(ဃ)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကိုတိကျစွာသတ်မှတ်၍ ဥပဒေ၊ နည်းဥပဒေမူကြမ်းအဖြစ် ပြည်ထောင်စုလွှတ်တော်သို့ ဆောလျင်စွာတင်သွင်းရေး ပြည်ထောင်စုအစိုးရအား မေတ္တာရပ်ခံတိုက်တွန်းကြောင်း အဆိုနှင့် ပတ်သက်ပြီး ဆွေးနွေးထောက်ခံတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု၏ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များနဲ့ ဝန်ကြီးများလုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ဥပဒေ၊ နည်းဥပဒေပြု၍ မူကြမ်းအဖြစ် ပြည်ထောင်စုလွှတ်တော်သို့ ဆောလျင်စွာတင်သွင်းရေး ပြည်ထောင်စုအစိုးရအား မေတ္တာရပ်ခံတိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းသည် ပြည်နယ်နှင့် တိုင်းဒေသကြီး၏လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို သတ်မှတ်ခွဲဝေပေးရေးအတွက် တိုက်တွန်းတောင်းခံသည်ဟုယူဆလိုပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါ်နန်းဝါနု တိုက်တွန်းသော တင်သွင်းသောအဆိုကို ကျွန်တော် ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမိုင်မုံကွမ် (ခ) ဒူဝါခမိုင်တန်အနေနဲ့ အဆိုနှင့်သော်လည်းကောင်း၊

ဆွေးနွေးခြင်းနဲ့သော်လည်းကောင်း၊ စာနှင့်ရေးသား၍ အမျိုးသားစီမံကိန်း ဆွေးနွေးချက်များကို ဥက္ကဋ္ဌကြီးနှင့် နာယကကြီးထံသို့ပေးပို့၍သော်လည်းကောင်း ဆွေးနွေးတင်ပြထောက်ခံလျက်ရှိသောကိစ္စဖြစ်တယ်လို့ နောက်နောင်လည်း ဆွေးနွေးထောက်ခံရန်လိုအပ်သော အဆိုဖြစ်သည်ဟုတင်ပြလိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ဥပဒေပညာရှင်မဟုတ်တဲ့အတွက် ခြုံငုံ၍ဆွေးနွေးထောက်ခံလိုပါတယ်ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံသည် ဗဟိုချုပ်ကိုင်ဦးစီးမှုဖြင့် နှစ်ပေါင်း ၅၀ ကျော်ကျင့်သုံးခဲ့ရာ နိုင်ငံတော်အနေဖြင့် တိုးတက်မြင့်မားမှုမရှိခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမရှိခြင်း၊ စီးပွားရေးကျဆင်းမှုကြောင့် ကမ္ဘာ့အလယ်မှာဂုဏ်သိက္ခာမဲ့ဆင်းရဲသောနိုင်ငံတစ်ခုအနေနဲ့သတ်မှတ်ခံရခြင်းဟာ ဗဟိုချုပ်ကိုင်မှုကြောင့်ဖြစ်တယ်လို့ တင်ပြလိုပါတယ်ခင်ဗျား။ ယခင်က ၁၉၆၁ ခုနှစ် ရှေ့ပိုင်းတွင် မိမိနိုင်ငံဟာ အရှေ့တောင်အာရှမှာ ချမ်းသာကြွယ်ဝမှုကို ကမ္ဘာကမော့ကြည့်ခံရခြင်းသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများကို လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့် ပေးအပ်ထားလို့ဖြစ်တယ်လို့တင်ပြလိုပါတယ်ခင်ဗျား။ အလားတူ တပ်မတော်အစိုးရမှ တာဝန်ယူသော အချိန်အခါတွင်လည်း ဆင်းရဲနေစဉ်မှ နိုင်ငံတော်အကြီးအကဲအနေနဲ့ ယခုလို စည်းမျဉ်းစည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ်နဲ့ ထည်ဝါသောကွန်မြူနစ်လမ်းမကြီး၊ ထည်ဝါသော ပြည်ထောင်စုလွှတ်တော်ကြီးများကို တည်ဆောက်ပေးနိုင်ခြင်းသည် တပ်မတော်အစိုးရမှ တာဝန်ယူသောအချိန်အခါမှာ ပြည်နယ်နှင့် တိုင်းဒေသကြီးများကိုလည်း လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို ခွဲဝေပေးတဲ့အတွက် နိုင်ငံတကာကပိတ်ဆို့မှုလုပ်သော်လည်း နိုင်ငံနှင့် နိုင်ငံသားများက မားမားမတ်မတ် မယိမ်းမယိုင်ရပ်တည်နိုင်ခြင်းဖြစ်တယ်လို့ တင်ပြလိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်နယ်နှင့် တိုင်းဒေသကြီးများကို လုပ်ပိုင်ဆုံးဖြတ်ခွင့်အတိုင်းအတာတစ်ခုအနေနဲ့ ဘက်စုံ၊ ကဏ္ဍစုံခွဲဝေဆုံးဖြတ်ခွင့် ခွဲဝေပေးပါက ဒေသခံလုပ်ငန်းရှင်များအနေဖြင့် ကုန်ကျစရိတ်သက်သာ၍ သွားလာစရိတ်ကုန်ကျမည့်အစား မိမိပြည်နယ်နှင့် တိုင်းဒေသကြီးပါ လုပ်ငန်းများကို အလျင်အမြန်အကောင်အထည်ဖော်နိုင်သည့်အပြင် လုပ်ငန်းရင်းနှီးမှုအပေါ်တွင် ထည့်သွင်းအသုံးပြုနိုင်မှာဖြစ်ပါတယ်ခင်ဗျား။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ လုပ်ပိုင်ခွင့် ဆုံးဖြတ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကိုတိုးမြှင့်ခွဲဝေပေးပါက သယံဇာတထုတ်လုပ်ရေးလုပ်ငန်း၊ စက်ရုံတည်ဆောက်ရေးလုပ်ငန်း၊ အလုပ်ရုံတည်ဆောက်ရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် ပြည်သူလုထု ဒေသခံလုပ်ငန်းရှင်များအနေဖြင့် အလျင်အမြန်အကောင်အထည်

ဖော်နိုင်မှာဖြစ်ပြီး ဒေသခံပြည်သူလူထုလုပ်ငန်းရှင်များအဖြစ် လုပ်ငန်းရှင်အတွက် နိုင်ငံတော်အနေဖြင့် တိုင်းဒေသကြီးအစိုးရများကို သင့်လျော်သည့်လုပ်ပိုင်ခွင့်အာဏာကို ဒေသခံပြည်သူလူထုလုပ်ငန်းရှင်များသိရှိရန် တစ်ပါတည်းကြေညာပါကပိုမို၍ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးအမြတ်ပိုမိုပေါ်ထွန်းလာမည်ဟု ယုံကြည်ကြောင်းတင်ပြလိုပါတယ်ခင်ဗျား။ အိမ်နီးနားချင်းတရုတ်နိုင်ငံကို လေ့လာမည်ဆိုလျှင် ယခင်က မိမိနိုင်ငံနှင့်နည်းတူ ဗဟိုချုပ်ကိုင်မှုအဖြစ် စီးပွားရေး၊ ဘဏ္ဍာရေး၊ ကဏ္ဍစုံကို ဗဟိုချုပ်ကိုင်မှုအဖြစ် အကောင်အထည်ဖော်ရာတွင် စီးပွားရေးအောင်မြင်မှုမရှိသည့်အတွက် ပြန်လည်တည်ဆောက်ပြင်ဆင်ရာတွင် ဗဟိုကနေ ပြည်နယ်အဆင့်၊ ပြည်နယ်ကနေခရိုင်အဆင့်၊ ခရိုင်ကနေ မြို့နယ်အဆင့်များကို လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို ဗဟိုရဲ့သတ်မှတ်ထားသောဘဏ္ဍာရေးများကိုလည်း မထိခိုက်စေပဲ၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်း၊ စက်ရုံတည်ဆောက်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် တိုင်းရင်းသားပြည်သူများ လွတ်လပ်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်များကိုကျယ်ကျယ်ပြန့်ပြန့်ပေးထားသည့်အတွက် ဗဟိုအစိုးရလည်း ဘဏ္ဍာရေးတောင့်တင်းခိုင်မာလာသလိုပြည်နယ်၊ ခရိုင်၊ မြို့နယ်များကိုလည်း တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာသည်ကိုတွေ့ရှိရပါသည်ခင်ဗျား။ သို့ဖြစ်ပါ၍ နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများကို ဘက်စုံ၊ ကဏ္ဍစုံ၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်များကို အတိုင်းအတာတစ်ခုအနေဖြင့် ခွဲဝေပေးပါလို့တင်ပြတိုက်တွန်းထောက်ခံရင်း ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုရဲ့အဆိုကို ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးခမိုင်မုံကွမ် (ခ) ဒူဝါခမိုင်တန်မှ လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာသုံးဆောင်ရန်အတွက် အစည်းအဝေးကို မိနစ် ၅၀ ခန့်ရပ်နားပါမယ်။

**အချိန်၊ ၁၂း ၃၀ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၅၀ ခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၃ း ၃၀ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအေး(ဟုမ္မလင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၂၆) ရက်မြောက်နေ့အစီအစဉ်မှာ ကွန်ဟိန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းဝါနုရဲ့အဆိုမှာပါရှိတဲ့အတိုင်း ပုဒ်မ ၂၆၄ ပုဒ်မခွဲ(ဃ)မှာ သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းသတ်မှတ်ရမည်လို့ပါရှိပါတယ်။ အခုဆိုရင် ဒီမိုကရေစီအစိုးရသစ်ရဲ့ သက်တမ်းဟာ တစ်နှစ်ခွဲခန့်ကြာရှိခဲ့ပြီဖြစ်ပါတယ်။ ဒါပေမယ့် ဒီပုဒ်မ ၂၆၄ ပုဒ်မခွဲ(ဃ)ကို အကောင်အထည်ဖော်နိုင်ခြင်းမရှိသေးပါ။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းခဲ့တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေမှာ အခန်း ၆ ခန်းနှင့် ပုဒ်မပေါင်း ၆၃ ခု ပါရှိပါတယ်။ ဒါပေမယ့်လို့ အဲဒီဥပဒေပြဋ္ဌာန်းချက်မှာ ဝန်ကြီးချုပ်ရဲ့လုပ်ပိုင်ခွင့်များ၊ လုပ်ငန်း တာဝန်များ၊ ဝန်ကြီးများရဲ့ လုပ်ပိုင်ခွင့်များကို လုပ်ငန်းတာဝန်တိတိကျကျမပါရှိသေးပါ။ နောက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင် အယောင်များဆိုင်ရာဥပဒေကို အခန်း ၅ ခန်း၊ ပုဒ်မပေါင်း ၂၅ ခုနှင့် ထုတ်ပြန်ခဲ့ပါတယ်။ ချီးမြှင့်ငွေနှင့် စရိတ်၊ အဆောင်အယောင်များဆိုင်ရာဥပဒေပုဒ်မ ၁၇ တိုင်းရင်းသားရေးရာဝန်ကြီးများရဲ့ခံစားခွင့် များကိုဖော်ပြထားပါတယ်။ ဒါပေမယ့် ပုဒ်မ ၁၇ မှာ အခြားဝန်ကြီးများထက် တိုင်းရင်းသားဝန်ကြီး များကို တစ်ဆင့်နိမ့်ဖော်ပြထားတာတွေ့ရှိရပါတယ်။ တစ်နိုင်ငံလုံးမှာ တိုင်းရင်းသားရေးရာဝန်ကြီး ၂၉ ဦးရှိပါတယ်။ ယနေ့ကာလဟာ ပြည်ထောင်စုတိုင်းရင်းသားတွေ စည်းလုံးညီညွတ်ရေး အရေးကြီးဆုံး လိုအပ်တဲ့အချိန်မှာ တိုင်းရင်းသားရေးရာဝန်ကြီးတွေကို နှိမ့်ချခွဲခြားဆက်ဆံထားတာဟာဖြင့် သင့်တော်

မယ်လို့မထင်ပါဘူး။ အဲဒီတော့ တိုင်းရင်းသားရေးရာဝန်ကြီးတွေကမကျေနပ်တဲ့အတွက် ဒေါက်တာအေးမောင်နှင့် ၂၃ ဦး ၁၄-၁၂-၂၀၁၁ အခြေခံဥပဒေခုံရုံးကိုတင်သွင်းခဲ့ပါတယ်။ အဲဒီတင်သွင်းချက်အပေါ် ခုံရုံးက ၆၁/တ/၂၀၁၁ တင်သွင်းလွှာအမှတ် (၂/၉၀) ဆုံးဖြတ်ချက်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များအရ တိုင်းရင်းသားရေးရာဝန်ကြီးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဝန်ကြီးဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေစရိတ်နှင့် အဆောင်အယောင်ဆိုင်ရာဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဂ) တွင် အကျုံးဝင်သည့်ပုဂ္ဂိုလ်များဖြစ်ပြီး ယင်းဥပဒေပုဒ်မ ၅၊ ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုလိုက်ပါတယ်။ အဲဒီလို အခြေခံဥပဒေက အဆုံးအဖြတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ယနေ့အချိန်အထိ တိုင်းရင်းသားရေးရာဝန်ကြီးများဟာ နိုင်ငံတော်သမ္မတမှဥပဒေပြဋ္ဌာန်းဆောင်ရွက်ပေးခြင်းမရှိတဲ့အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများရဲ့အဆင့်အတန်းမရရှိသေးပါ။ တာဝန်ခွဲဝေမှုမှာ အလွန်ကြီးမားကျယ်ပြန့်တဲ့အခြေခံပညာရေးကိစ္စတွေမှာတောင် အနိမ့်ဆုံးလုပ်ငန်းမူလတန်းကျောင်းခွဲလေးတစ်ကျောင်း ဖွင့်ဖို့လုပ်ငန်းတောင်မှ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးတွေဟာ ဆုံးဖြတ်ပိုင်ခွင့်မရှိပါဘူး။ တိုင်းဒေသကြီးအစိုးရအဖွဲ့ဆီကို ပြန်သယ်သွား၊ Cabinet ထိုင်၊ အဲဒီကနေမှ အခြေခံ(၂) ကိုပို့၊ အခြေခံ(၂)ကနေ တစ်ခါဆက်ပြီး ပြည်ထောင်စုဝန်ကြီးကိုပို့ဆိုတော့ မူလတန်းကျောင်းတစ်ကျောင်းရဖို့ဟာ အဆင့်ဆင့်သွားနေရပြီးတော့ အချိန်ကာလကြာညောင်းပါတယ်။ အချိန်ကာလကြာညောင်းတာဟာ ဘာဖြစ်သလဲလို့ ဒါတွေးတောစရာရှိပေမယ့်လို့ ၅ လကြာရင် ၅ လအလိုက် ကျောင်းဆရာငှားနေရတဲ့ ကျေးရွာကမိဘတွေဟာ ယနေ့အချိန်မှာ မူလတန်းပြဆရာတစ်ယောက်ကို ၈၀၀၀၀ ကနေ ၁၀၀၀၀၀ အထိ ပေးပြီးငှားနေရပါတယ်။ ၅ လကြာရင် ၅ လ၊ ၆ လကြာရင် ၆ လ မိဘတွေမှာ ဝန်ထုပ်ဝန်ပိုးဖြစ်သွားပါတယ်။ ဒါကြောင့်မို့လို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှာလည်းပဲ ဒီလိုကိစ္စတွေကို အခြေခံပညာဦးစီးဌာနမှာ ဆောင်ရွက်နေကြရပါတယ်။ အုပ်ချုပ်ရေးအာဏာခွဲဝေမှုဟာ ဗဟိုနှင့် တိုင်းဒေသကြီးမှာ မမျှမတရှိလှပါတယ်။ စောစောပိုင်းက ကျွန်တော်တို့ တိုင်းရင်းသားကိုယ်စားလှယ်တွေအသီးသီးကလည်း တင်ပြသွားပြီးဖြစ်ပါတယ်။ ဒီမိုကရေစီလမ်းကြောင်းနှင့် လျှောက်လှမ်းနေတဲ့ကာလမှာ ပြည်သူ့ကိုယ်စားလှယ်များရဲ့ အခန်းကဏ္ဍမြှင့်တင်ပေးဖို့ လိုအပ်တယ်လို့ယူဆပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုဝန်ကြီးအကြား ကြားခံနေတဲ့အခြေခံပညာဦးစီးဌာန ၁၊ ၂၊ ၃ တို့ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အောက် သွတ်သွင်းခြင်း သို့မဟုတ် ဖျက်သိမ်း

ခြင်းပြုလုပ်သင့်တယ်လို့ယူဆပါတယ်။ ဘာကြောင့်လဲဆိုရင် ပြည်သူလူထုနှင့်အနီးစပ်ဆုံးနေရာမှာ ရှိတဲ့ ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစိုးရတို့နှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်မှ ဒီမိုကရေစီနည်းလမ်းကျမယ်၊ သဟဇာတဖြစ်မယ် ဆိုတဲ့ ဆက်သွယ်ရေးလမ်းကြောင်းတွေဖြစ်သင့်တယ်လို့ယူဆပါတယ်။ ဒါနှင့်ဆက်စပ်ပြီးတော့ နိုင်ငံတော်သမ္မတက ပြည်ထောင်စုဝန်ကြီးများအား နိုင်ငံ့တာဝန်ကို ဝန်ကြီးဌာနအလိုက် ပြည်သူလူထု အကျိုးအတွက် ရဲရဲဝံ့ဝံ့ မိမိဆုံးဖြတ်ချက်အတိုင်းဆောင်ရွက်ကြဖို့၊ မှားရင်လည်း ရဲရဲဝံ့ဝံ့ မိမိဘာသာ ခံယူကြဖို့ မိန့်ကြားခဲ့တယ်လို့ကြားသိရပါတယ်။ အဲဒီလိုပဲ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ် တို့ကလည်းပဲ မိမိအစိုးရအဖွဲ့ဝင်များကို သမ္မတရဲ့လမ်းညွှန်ချက်အတိုင်း ဗဟိုဦးစီးစနစ်ကိုလျှော့ပေါ့ ပြီးတော့ လုပ်ငန်းတာဝန်များခွဲဝေပေးသင့်တယ်လို့ယူဆပါတယ်။ ကွန်ဟိန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းဝါနုရဲ့အဆိုစာသား အနည်းငယ်ဖြည့်စွက်ပြီးတော့ ဆွေးနွေးချင်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ကို တိုက်တွန်းခြင်းမဟုတ်ဘဲနှင့် နိုင်ငံတော်သမ္မတကို မေတ္တာရပ်ခံ တိုက်တွန်းကြောင်း ဖြစ်သင့်တယ်လို့ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုဆွေးနွေးတင်ပြရင်း ဒေါ်နန်းဝါနုရဲ့အဆိုကို ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်ဒွေးကြွယ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်ဒွေးကြွယ်(မော်လမြိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဒွေးကြွယ် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု တင်သွင်းသောအဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၇ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အခေါ်အဝေါ်နှင့် အစိုးရအဖွဲ့အခေါ်အဝေါ်တို့ကို လည်းကောင်း၊ ပုဒ်မ ၂၄၈ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ ဖွဲ့စည်းခြင်းကို လည်းကောင်းပြဋ္ဌာန်းထားပါတယ်။ ၎င်းအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၉ မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သောကိစ္စရပ် များကိုသက်ရောက်ပျံ့နှံ့သည်။ ထို့အပြင် ပြည်ထောင်စုဥပဒေတစ်ရပ်ရပ်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအားဆောင်ရွက်ခွင့်ပြုသည့်ကိစ္စရပ်များသို့လည်း သက်ရောက်ပျံ့နှံ့သည်

ဟုပြဋ္ဌာန်းထားပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရရဲ့အုပ်ချုပ်မှုအာဏာကို ပြဋ္ဌာန်းပေးထားကြောင်းပေါ်လွင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ တွင် ဇယား ၂ ပါ ဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးတွင်လည်းကောင်း၊ တစ်စိတ်တစ်ဒေသတွင်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြဋ္ဌာန်းခွင့်ရှိသည်ဟုပြဋ္ဌာန်းထားပါတယ်။ နောက် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ မှာလည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းကိုပြဋ္ဌာန်းထားရာ ဥပဒေပြုနိုင်သောကဏ္ဍ ၈ ခုနှင့် ဥပဒေပေါင်း ၃၁ မျိုးကိုဖော်ပြထားပါတယ်။ အလားတူပဲ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၆ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပုဒ်မခွဲ(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများနှင့် ယင်းတို့၏လက်အောက်အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရန်လည်းကောင်း၊ စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းပြုရမည်ဟုလည်းကောင်း၊ ပုဒ်မခွဲ(ခ)တွင် မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နယ်ဘက်ဝန်ထမ်းများ၊ အဖွဲ့အစည်းများ၏လုပ်ငန်းဆောင်ရွက်မှုများကို ဥပဒေနှင့်အညီကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းပြုနိုင်သည်ဟုပြဋ္ဌာန်းထားရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရကို လုပ်ပိုင်ခွင့်ပေးထားပြီးဖြစ်ကြောင်းထင်ရှားနေပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများဖြင့်ဖွဲ့စည်းထားရာ ဝန်ကြီးများ၏တာဝန်၊ လုပ်ပိုင်ခွင့်သည် အစိုးရအဖွဲ့၏တာဝန်၊ လုပ်ပိုင်ခွင့်အတွင်းသက်ရောက်ပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်ရှိကြောင်းလည်း ထင်ဟပ်ပေါ်လွင်နေပါတယ်။ ထို့မျှပင်မကသေး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၁၆/၂၀၁၀) ဖြစ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ ဥပဒေကိုလည်း ပြဋ္ဌာန်းထားရှိပါတယ်။ ယင်းဥပဒေပုဒ်မ ၂၃ မှ ၂၇ အထိ ဝန်ကြီးချုပ်၏တာဝန်နှင့် လုပ်ပိုင်ခွင့်ကို သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ အစိုးရအဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ပုဒ်မ ၂၈ မှ ၄၅ အထိ ပြဋ္ဌာန်းထားပါ တယ်။

ဥက္ကဋ္ဌကြီးရှင့်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များအတွက် ရပိုင်ခွင့်နှင့်ပတ်သက်ပြီးတော့လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဥပဒေအမှတ် ၃/၂၀၁၁ ဖြင့် ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်ဆိုင်ရာဥပဒေကို ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ တွင် တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က

ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်သမျှ အတည်ဖြစ်သည်ဟုလည်းကောင်း၊ ပုဒ်မ ၄၄၇ တွင် တည်ဆဲဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်သမျှ အတည်ဖြစ်သည်ဟုပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်မို့ အထက်ပါဥပဒေပုဒ်မ ၄၄၆ နှင့် ၄၄၇ အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှထုတ်ပြန်ထားသော ဥပဒေအမှတ် (၁၆/၂၀၁၀) နှင့် (၃/၂၀၁၁) တို့က အတည်ဖြစ်လျက်ရှိကြောင်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ သို့ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်၊ လက်ရှိဝန်ကြီးများအတည်ဖြစ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် အညီစီမံဆောင်ရွက်ခွင့်ရှိပါတယ်။ ယင်းသို့ လက်တွေ့စီမံဆောင်ရွက်သည့်အတွေ့အကြုံများအရ ပေါ်ပေါက်လာသောတွေ့ရှိချက်များအပေါ် လိုအပ်သည့်ဥပဒေများထပ်မံပြဋ္ဌာန်းပေးရန် လိုအပ်လာလျှင် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈ အရ သမ္မတက တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်၏သဘောတူညီချက်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးဌာနအသစ်ကို ပြင်ဆင်၊ ဖြည့်စွက်ခြင်းပြုနိုင်သည်ဟုလည်းပြဋ္ဌာန်းထားပါသည်။ ၎င်းအပြင် အတွေ့အကြုံများအရ ပေါ်ပေါက်လာသောတွေ့ရှိချက်များအပေါ်မှာ လိုအပ်တဲ့ဥပဒေများထပ်မံပြဋ္ဌာန်းနိုင်ရန်လည်း ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေအရ ပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတနှင့် ချိတ်ဆက်ဆောင်ရွက်ရန် လမ်းကြောင်းလည်းပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ သို့မှသာ လိုအပ်ချက်နှင့်အညီမည်သည့်အခြေခံအကြောင်းများကြောင့် မည်သည့်ဥပဒေကို မည်သို့ပြဋ္ဌာန်းရမည်ဆိုသည်မှာ ပီပြင်ပြီးလက်တွေ့ကျရမည်ဖြစ်ပါတယ်။ ယခုအဆိုရှင်က မည်သည့်အကြောင်းကိစ္စ၊ အချင်းအရာအတွက်မည်သည့်ဥပဒေဟု လိုအပ်ချက်ကိုထောက်ပြခြင်းမရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄ ပုဒ်မခွဲ (ဃ)ပါ ပြဋ္ဌာန်းချက်တစ်ခုကိုထောက်ရှုကာမျှဖြင့် ပြည်ထောင်စုအစိုးရက ဥပဒေ၊ နည်းဥပဒေ၊ မူကြမ်းများ ပြည်ထောင်စုလွှတ်တော်သို့ ဆောလျင်စွာတင်သွင်းရေးဆိုသည်မှာ လက်တွေ့ကျသည်ဟုဆိုနိုင်ရန်ခက်ခဲလှပါတယ်။ သို့ဖြစ်ပါသောကြောင့် အဆိုရှင်တင်သွင်းသော ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄ ပုဒ်မခွဲ(ဃ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များတိကျစွာသတ်မှတ်၍ ဥပဒေ၊ နည်းဥပဒေမူကြမ်းအဖြစ်ပြည်ထောင်စုလွှတ်တော်သို့ ဆောလျင်စွာတင်သွင်းရေး ပြည်ထောင်စုအစိုးရအား မေတ္တာရပ်ခံ

တိုက်တွန်းကြောင်းအဆိုသည် အဆိုရှင်တင်သွင်းသကဲ့သို့ ဥပဒေတစ်ရပ်အနေဖြင့် ထပ်မံပြဋ္ဌာန်းပေးရန်သင့်၊ မသင့်ထည့်သွင်းစဉ်းစားရန်များစွာလိုအပ်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဒေါ်နန်းဝါနု၊ ကွန်ဟိန်းမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြည်လည် ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို လေးစားစွာဖြင့် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုတင်သွင်းတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄ ပုဒ်မခွဲ(ဃ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများရဲ့ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကိုတိကျစွာသတ်မှတ်၍ ဥပဒေ၊ နည်းဥပဒေမူကြမ်းအဖြစ် ပြည်ထောင်စုလွှတ်တော်သို့ ဆောလျင်စွာတင်သွင်းရေး ပြည်ထောင်စုအစိုးရအား မေတ္တာရပ်ခံတိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ ကျွန်တော် ဒုတိယရှေ့နေချုပ်မှ ရှင်းလင်းတင်ပြအပ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄ ပုဒ်မခွဲ(ဃ)မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများရဲ့တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းသတ်မှတ်ရမယ်လို့ ပြဋ္ဌာန်းထားတာမှန်ကန်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်တဲ့နိုင်ငံတော်ဖြစ်ပြီးတော့ တိုင်းဒေသကြီး ၇ ခုနှင့် ပြည်နယ် ၇ ခုမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်လျက်ရှိပါတယ်။ တိုင်းရင်းသားလူမျိုးအသီးသီးဟာ ကိုယ်ပိုင်ဓလေ့ထုံးတမ်း၊ စာပေ၊ ဘာသာစကားနှင့် ယုံကြည်ကိုးကွယ်မှုတို့နှင့်အတူ နေထိုင်နေကြတာဖြစ်ပါတယ်။ အလားတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ၁၄ ခုတို့မှာလည်း ကွဲပြားခြားနားတဲ့ တောတောင်ရေမြေသဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုတို့ရှိပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးမှာ စီမံခန့်ခွဲရေးတာဝန်တွေကိုထမ်းဆောင်လျက်ရှိတဲ့ သက်ဆိုင်ရာဝန်ကြီးချုပ် ဦးဆောင်တဲ့အစိုးရအဖွဲ့များဟာ မိမိရဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နဲ့

လိုက်လျောညီထွေရှိတဲ့ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးနဲ့ အခြားရေးရာကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ကြရပါတယ်။ အဆိုပါ စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများရဲ့ သဘောသဘာဝအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များကဆောင်ရွက်ရတဲ့ လုပ်ငန်း တာဝန်များဟာ လွန်စွာကျယ်ပြန့်ကြောင်းတွေ့ရှိရပါတယ်။ ထို့အတူပင် ဝန်ကြီးချုပ်ရဲ့လုပ်ငန်းတာဝန် များမှာလည်း ကျယ်ပြန့်ကြောင်းတွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ဥပဒေကိုပြဋ္ဌာန်းခဲ့ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေအခန်း(၃)မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ရဲ့တာဝန်နှင့် လုပ်ပိုင်ခွင့်များခေါင်းစဉ်ဖြင့် ဝန်ကြီးချုပ် ရဲ့တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းဆိုင်ရာကိစ္စရပ်များ၊ နယ်နိမိတ် ဆိုင်ရာကိစ္စရပ်များ၊ အခြားကိစ္စရပ်များဟူ၍ ကဏ္ဍများခွဲခြားပြဋ္ဌာန်းခဲ့ပါတယ်။ ထို့အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်း အခန်း(၄)မှာ ပြဋ္ဌာန်းထားပါတယ်။ စီမံခန့်ခွဲရေးလုပ်ငန်းရဲ့ ကျယ်ပြန့်သောသဘောသဘာဝအရ မည်သည့်ကိစ္စကို မည်သို့ဆောင်ရွက်ရမည်ကိုလည်းကောင်း၊ မည်သည့်ကိစ္စအား မည်သို့အကောင်အထည်ဖော် ကျင့်သုံးဆောင်ရွက်ရမည်ကိုလည်းကောင်း အသေးစိတ်ပြဋ္ဌာန်းပါက ပြည့်စုံနိုင်ဖွယ်မရှိသည့် အလျောက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အလို့ငှာဟူ၍ ဥပဒေရဲ့နိဒါန်းမှာဖော်ပြပြဋ္ဌာန်းထားတာကိုတွေ့ရှိရပါတယ်။ ပြည်ထောင်စုအဆင့်မှာ ဦးစီးဌာနတစ်ခုချင်းအလိုက်၊ လုပ်ငန်းဌာနတစ်ခုချင်းအလိုက် ပြဋ္ဌာန်းထားတဲ့ဥပဒေတွေရှိပါတယ်။ ဒီဥပဒေများမှာ အဆင့်အလိုက်လုပ်ပိုင်ခွင့်နှင့် တာဝန်တွေသတ်မှတ်ပြဋ္ဌာန်းထားရှိပါတယ်။ ဥပမာ-လယ်ယာမြေဥပဒေကို ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ကိုင်တွယ်ကျင့်သုံးပါတယ်။ အဆင့်အလိုက်လုပ်ပိုင်ခွင့်များသတ်မှတ်ထားပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးက စီမံခန့်ခွဲပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အဆင့်မှာ မြေစာရင်း ဦးစီးဌာနကို ကြီးကြပ်စီမံခန့်ခွဲသူဟာ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးဖြစ်ပါတယ်။ ဥပဒေက ပြဋ္ဌာန်းထားတဲ့အတိုင်း လုပ်ပိုင်ခွင့်တွေ၊ တာဝန်တွေရှိကြတာဖြစ်ပါတယ်။ အလားတူပဲ ကျန်းမာရေး ဦးစီးဌာန၊ ပညာရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနစသဖြင့် ဦးစီးဌာနအသီးသီးကလည်း အလားတူပဲ မိမိတို့ရဲ့သက်ဆိုင်ရာဥပဒေအရ လုပ်ပိုင်ခွင့်တွေနှင့်အညီ ဆောင်ရွက်ခွင့်ရှိကြပါတယ်။ ဒီဥပဒေနှင့်

အညီ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၃၁ အရ ဆောင်ရွက်ကြဖို့ဖြစ်ပါတယ်။ နိုင်ငံတော်မှာ ဆက်စပ်ရာဦးစီးဌာနလုပ်ငန်းများကိုစုစည်းကာ ပြည်ထောင်စုအဆင့်မှာ ဝန်ကြီးဌာန ပေါင်း ၃ဝ ကျော်နဲ့ဖွဲ့စည်း၍လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်မှာ ထိုဝန်ကြီးဌာန ၃ဝ ကျော်အား ဆက်စပ်ရာဌာနများစုစည်း၍ ဝန်ကြီးဌာန ၁ဝ ခုဖြင့်လည်းကောင်းစီမံခန့်ခွဲပါတယ်။ ဒီလိုဝန်ကြီးဌာနတွေကိုစုစည်းရာမှာ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုနဲ့တစ်ခုမတူညီနိုင်ပါ။ ဒေသအနေ အထားအလိုက် ပေါင်းစပ်ဖွဲ့စည်းခြင်းဖြစ်ပါတယ်။ အထက်ပါအခြေအနေများအရ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်မှာတာဝန်ယူရတဲ့ ဝန်ကြီးတစ်ဦးစီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်များကို ဥပဒေတစ်ရပ်အဖြစ် ရေးဆွဲပြဋ္ဌာန်းရန်မှာ လက်တွေ့အခြေအနေမှာ အကောင်အထည်ဖော်ဖို့ခက်ခဲပါတယ်။ ပြည်ထောင်စု ကပြဋ္ဌာန်းတဲ့ဥပဒေအရ တာဝန်၊ လုပ်ပိုင်ခွင့်တွေလည်း ပေါ်ပေါက်နေတာဖြစ်တဲ့အတွက် အခွင့်အာဏာကို ဥပဒေနှင့်အညီကျင့်သုံးနိုင်ကြဖို့အတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ကို ယင်းဥပဒေပုဒ်မ ၃၁ ဖြင့် ယေဘုယျအပ်နှင်းထားခြင်းဖြစ်ကြောင်းသုံးသပ်ရပါတယ်။ ဥပဒေတစ်ရပ်ကို ပြင်ဆင်လိုပါက ဥပဒေပြဋ္ဌာန်း၍သာပြင်ဆင်ရပါတယ်။ ယင်းသို့ပြင်ဆင်ပြဋ္ဌာန်းရာမှာ ဥပဒေအရ တညီတညွတ်တည်း လိုက်နာအကောင်အထည်ဖော်ရာမှာ ဒေသအခြေအနေအရ ခက်ခဲတဲ့အချက်များ ရှိလာနိုင်တဲ့အတွက်ကြောင့် ယေဘုယျသက်ဆိုင်တဲ့အချက်တွေကိုသာ ပြဋ္ဌာန်းလေ့ရှိကြောင်းတင်ပြ အပ်ပါတယ်။ ထို့အပြင် နည်းဥပဒေတွေထုတ်ပြန်မယ်ဆိုပါကလည်း ပြဋ္ဌာန်းဥပဒေအရဆောင်ရွက်ရတဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးတွေရဲ့တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေကို ကန့်သတ်ရာရောက်နိုင်ပြီးတော့ နည်းဥပဒေမှာပြဋ္ဌာန်းမထားတဲ့ကိစ္စရပ်တွေပေါ်ပေါက်လာပါက ဝန်ကြီးချုပ်နှင့် ဝန်ကြီးတွေအနေနဲ့ ဆောင်ရွက်ခွင့်မရှိတဲ့ အခက်အခဲတွေပေါ်ပေါက်နိုင်ပါတယ်။ ၁၉၇၄ ခုနှစ်က ဝန်ကြီးအဖွဲ့ဥပဒေကို ပြဋ္ဌာန်းခဲ့ရာမှာ နည်းဥပဒေထုတ်ပြန်ခြင်းမပြုဘဲနဲ့ အစိုးရရဲ့ ကျယ်ပြန့်တဲ့အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ အခါအားလျော်စွာထုတ်ပြန်၍ လိုအပ်သလိုဆောင်ရွက်တဲ့သာဓကတွေလည်းရှိပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်ရဲ့ရပိုင်ခွင့်တွေဖြစ်တဲ့ ချီးမြှင်ငွေစရိတ်နှင့် အဆောင်အယောင်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များရဲ့ ချီးမြှင့်ငွေစရိတ် နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေပုဒ်မ ၃ နှင့် ပုဒ်မ ၁၄ မှာလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးတွေရဲ့ ရပိုင်ခွင့်ဖြစ်တဲ့ ချီးမြှင့်ငွေစရိတ်နှင့် အဆောင်အယောင်များကို ယင်းဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၇ မှ ပုဒ်မ ၁၃ အထိနဲ့ ပုဒ်မ ၂၂၊ ၂၃ တို့မှာလည်းကောင်း သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ ဖော်ပြပါ

အချက်များအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများရဲ့တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေမှာလည်းကောင်း ယင်းပုဂ္ဂိုလ်များရဲ့ရပိုင်ခွင့်များနဲ့စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များရဲ့ ချီးမြှင့်ငွေစရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေမှာလည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၄ ပုဒ်မခွဲ(ဃ)နှင့်အညီ သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ သို့ရာတွင် အကယ်၍ ဖော်ပြပါဥပဒေများမှာပါရှိတဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများရဲ့တာဝန်၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကိုပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းပြုဖို့လိုမယ်ဆိုပါကလည်း ပြည်ထောင်စုလွှတ်တော် အနေနဲ့ ဥပဒေပြုခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သည်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းပြုနိုင်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အချို့တင်ပြတဲ့ တိုင်းဒေသကြီး/ပြည်နယ်များမှာအကောင်အထည်ဖော်ရခက်ခဲတဲ့ အခွန်ကောက်ခံတဲ့ကိစ္စကဲ့သို့သောကိစ္စမျိုးမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေပြုစာရင်း တိုင်းဒေသကြီး/ပြည်နယ်များမှ ကောက်ခံရမယ့်အခွန်အခများစသဖြင့် ပြဋ္ဌာန်းအကောင်အထည်ဖော်ခြင်းဖြင့် ပြေလည်မယ်လို့ ယူဆပါတယ်။ သို့ဖြစ်ပါ၍ ဌာနအသီးသီးအလိုက်စီမံခန့်ခွဲခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်းများဆောင်ရွက်ရန် သက်ဆိုင်ရာဥပဒေတွေ ပြဋ္ဌာန်းပြီးဖြစ်ပါသဖြင့်လည်းကောင်း၊ အဆိုပါဥပဒေ လုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ်အဆင့်ကစီမံခန့်ခွဲရာမှာ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပြဋ္ဌာန်းပြီးဖြစ်ပါသဖြင့်လည်းကောင်း ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုတင်သွင်းသော ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄ ပုဒ်မခွဲ(ဃ)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများရဲ့တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကိုတိကျစွာသတ်မှတ်၍ ဥပဒေ၊ နည်းဥပဒေ မူကြမ်းအဖြစ် ပြည်ထောင်စုလွှတ်တော်သို့ဆောလျင်စွာတင်သွင်းရေး ပြည်ထောင်စုအစိုးရအား မေတ္တာရပ်ခံတိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်သင့်၊ မသင့်စဉ်းစားသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုအဆိုနှင့်ပတ်သက်ပြီးတော့ ပြန်လည်ရှင်းလင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ဒီမှာ ကျွန်မတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုသတိပြုရမှာက ဖွဲ့စည်းပုံအခြေခံဥပဒေက မူတစ်ခုပဲဖြစ်တယ်

ဆိုတာသတိပြုရမှာဖြစ်ပါတယ်။ နောက်ပြီးတော့ (၁၆/၂၀၁၀) မှာပြဋ္ဌာန်းထားတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရဥပဒေမှာပါတဲ့အချက်အလက်တွေ၊ ချီးမြှင့်ငွေစရိတ်နဲ့ အဆောင်အယောင်မှာပါတဲ့ အချက်အလက်များဟာ ယခင်ကတည်းက ကျွန်မဆွေးနွေးထားတာက စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်းတို့သာပါရှိပါတယ်။ ဝန်ကြီးချုပ်တွေက ဘယ်လောက်အတိုင်းအတာ အထိဆုံးဖြတ်ခွင့်ရှိသလဲ၊ ဆုံးဖြတ်နိုင်သလဲဆိုတဲ့ Duty and Function မပါရှိပါဘူးရှင့်။ အဲဒါကြောင့် ဒီရဲ့ဥပဒေများက ပြည့်စုံလုံလောက်မှုမရှိပါဘူးဆိုတာကို ကျွန်မက အဲဒီအချိန်မှာကတည်းကတင်ပြ ခဲ့ခြင်းဖြစ်ပါတယ်။ နောက်ပြီးလို့ရှိရင် ကျွန်မတို့က ဥပဒေတစ်ခုရဲ့ သဘောတရားတစ်ခုက ဥပဒေ တစ်ခုကိုရေးဆွဲတယ်ဆိုလို့ရှိရင်သူက အထက်ကနေအောက်ကို စုန်ဆင်းတဲ့သဘောရှိပါတယ်။ နောက်ပြီးရင် တာဝန်ခံမှု၊ တာဝန်ယူမှုဆိုတာက အောက်ကနေအထက်ကို ဆန်တက်တဲ့သဘောတရား တစ်ခုရှိပါတယ်။ အခုက ဇယား ၂ မှာပါတဲ့ကဏ္ဍကြီးတွေက တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာ ပေးထား တာအားလုံးက အတူတူပဲဖြစ်ပါတယ်။ ကျွန်မကဆိုလိုရတဲ့ အကြောင်းအရာကလည်း ဒီဇယား ၂ မှာ ပါတဲ့ကဏ္ဍကြီးတွေကိုပဲအခြေခံပြီးတော့ တာဝန်နှင့် လုပ်ပိုင်ခွင့်တွေကိုရေးဆွဲဖို့ဖြစ်ပါတယ်။ ဒီဇယား ၂ ကို အကောင်အထည်မဖော်နိုင်တာဖြစ်တဲ့အတွက်ကြောင့် နောက်ပြီးဇယား ၂ ကို ပြည်ထောင်စုအစိုးရ များက ဝင်ရောက်စွက်ဖက်ခြင်းဖြစ်တဲ့အတွက်ကြောင့် မွန်ပြည်နယ်ကနေ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးကိုတင်သွင်းခဲ့ရတဲ့ သာဓကများလည်းရှိပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ဇယား ၁ နှင့် ဇယား ၂ က ဝိရောဓိဖြစ်နေလို့ တင်သွင်းရတာဆိုတာလည်းပေါ်ပေါက်ပါတယ်။ နောက်ပြီးလို့ရှိရင် ဟိုးယခင်အဆက်ဆက်တုန်းကလည်း နိုင်ငံတော်ရဲ့အာဏာကို အောက်ခြေအထိအဆင့်ဆင့်ခွဲပြီးမှ တာဝန်ခွဲဝေပြီးအပ်နှင်းခဲ့ပါတယ်။ ဒီမှာ ပြည်သူ့ကောင်စီအဆင့်ဆင့်တို့အား တာဝန်နှင့် လုပ်ပိုင်ခွင့် အပ်နှင်းခြင်းဆိုပြီးတော့ နိုင်ငံတော်ကောင်စီရဲ့ကြေညာချက်ထဲမှာ ဗဟိုအဆင့်ကတာဝန်ယူဆောင်ရွက် ရမည့်ကိစ္စရပ်များနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများက တာဝန်ယူဆောင်ရွက်ရမည့် ကိစ္စရပ်များကို ပီပီပြင်ပြင်ခွဲဝေပိုင်းခြားသတ်မှတ်ပြီး ဟန်ချက်ညီညီဆောင်ရွက်နိုင်ရန် နိုင်ငံတော် ကောင်စီသည် ပြည်သူ့ကောင်စီအဆင့်ဆင့်တို့အား အောက်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းလိုက်ပါသည်ဆိုပြီးတော့ပါပါတယ်။ အဲဒီလိုမျိုးပါရှိပြီးတော့ သူ့ရဲ့ပုဒ်မအချို့က ၂၁ ဆိုရင် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့၏ဆုံးဖြတ်ချက်ဖြင့် ဝန်ထမ်းများခန့်ထားခြင်း၊ ပြောင်းရွှေ့နေရာချထားခြင်းတို့ကို အောက်ပါအတိုင်းလုပ်ပိုင်ခွင့်ရှိသည် ဆိုပြီးတော့ (က) အလယ်တန်းပြဆရာများနှင့် မူလတန်းပြဆရာများကို သတ်မှတ်ချက်များနဲ့အညီ

ခန့်ထားခြင်း၊ (ခ) ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့် ဦးစီးဌာနတာဝန်ခံများမှအပ ကျန်ဝန်ထမ်းများအား ပြည်နယ်နှင့်တိုင်းဒေသကြီးအတွင်း ပြောင်းရွှေ့နေရာချထားခြင်း အဲလိုမျိုး စသဖြင့်ပါပါတယ်။ နောက်ပြီးရင် ပုဒ်မ ၆၅ မှာ တပ်မတော်၏ကာကွယ်ရေးကိစ္စများသည် ဗဟိုက တိုက်ရိုက် ဦးဆောင်လမ်းညွှန်ဆောင်ရွက်ရသောကိစ္စရပ်များဖြစ်၍ ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများက ကြီးကြပ်လမ်းညွှန်ရန်မလိုပါဆိုပြီးတော့ အတိအကျကိုပြဋ္ဌာန်းထားတာတွေရှိပါ တယ်။ ဒီကိစ္စက ကျွန်မတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာဘယ်လိုပါသလဲဆိုရင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄ ပုဒ်မခွဲ(ဃ)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကိုတိကျစွာသတ်မှတ်၍ ဥပဒေပြဋ္ဌာန်း ပေးရမယ်ဆိုပြီးတော့ နိုင်ငံတော်သမ္မတကိုပြောထားတာပါရှင့်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံတော် သမ္မတကိုပြောထားခြင်းဖြစ်ပါတယ်။ နယကအစိုးရကို ပြောထားခြင်းမဟုတ်ပါဘူး။ ဒီတစ်ချက်ကို ကျွန်မတို့ကသတိမူရမှာဖြစ်ပါတယ်။ အခုလက်ရှိအနေအထားမှာ နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ ဝန်ကြီးတွေ တာဝန်နှင့် လုပ်ပိုင်ခွင့်တွေကို ဥပဒေအဖြစ်သတ်မှတ်ပြီးတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့လမ်းညွှန်ချက်အတိုင်း ကျွန်မတို့ရဲ့ လွှတ်တော်ကိုတင်ပြထားခြင်းမရှိသေးပါဘူးရှင့်။ နောက်ပြီးတော့ ပုဒ်မ ၂၄၉ မှာ ပါရှိတဲ့ ပြည်ထောင်စုဥပဒေတစ်ရပ်ရပ်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအား ဆောင်ရွက်ခွင့်ပြုသည့်ကိစ္စရပ်များသို့လည်း သက်ရောက်ပျံ့နှံ့သည်လို့ပြောတဲ့ အတွက်ကြောင့် ဒီရဲ့ဥပဒေကို ကျွန်မတို့ရဲ့ ပြည်ထောင်စုအဆင့် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရက လုပ်ပေးရမှာဖြစ်ပါတယ်ဆိုတာ ဒီဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်လွင် ထင်ရှားနေပါတယ်။ ခေတ်အဆက်ဆက်က ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တိုင်းရင်းသားများအတွက်၊ တိုင်းနှင့်ပြည်နယ်အတွက် မူအဖြစ်ပါပြီးဖြစ်သော်လည်း သက်ဝင်လှုပ်ရှားတဲ့ဥပဒေအဖြစ်မပြဋ္ဌာန်းခဲ့ သောကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုလုံးဝပျက်ပြားခဲ့တာကို သာဓကယူပြီးမှ စည်းနှောင်အား ရှိတဲ့ဥပဒေတစ်ခု မဖြစ်မနေပြဋ္ဌာန်းရမှာဖြစ်ပါတယ်။ ဒါမှတန်းတူညီမျှရေး တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး၊ သာတူညီမျှရေး၊ ငြိမ်ချမ်းရေးကိုဖော်ဆောင်လာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံဖြစ်လာမှာပါ။ ဒါကြောင့် ဒီဥပဒေဟာမဖြစ်မနေလိုအပ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရကလည်း နိုင်ငံတော်သမ္မတကတာဝန်ယူပြီး ရေးဆွဲရမှာဆိုတာအတိအကျပါပြီးဖြစ်တဲ့ အတွက်ကြောင့်ကျွန်မရဲ့အဆိုကို ကျွန်မကထောက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ဒီအဆိုနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးသွားတဲ့နေရာမှာ ထူးခြားမှုရှိသော ဦးစိုင်းသိန်းအောင်၊ တာချီလိတ်ရဲ့ဆွေးနွေးချက်မှာပါတဲ့ တာချီလိတ်ဒေသမှာဖြစ်ပေါ်နေတဲ့အခြေအနေများကိုရှင်းလင်းအောင် တိကျစွာဖြင့် မိမိထံကိုရေးသားပြီးတော့ ပြန်လည်တင်ပြစေလိုပါတယ်။ နောက်တစ်ဦးဖြစ်တဲ့ ဦးအေး၊ ဟုမ္မလင်းမဲဆန္ဒနယ်ကဆွေးနွေးတဲ့ ဆွေးနွေးချက်ကိုလည်း လွှတ်တော်ကအလေးထားပြီးတော့ စဉ်းစားဆောင်ရွက်မှာဖြစ်ပါတယ်။ အဓိကကတော့ ပြည်ထောင်စုအစိုးရဆိုတဲ့အစား နိုင်ငံတော်သမ္မတဆိုတဲ့ စကားအသုံးအနှုန်းကို လိုအပ်တယ်ဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီးလည်း ခုနက အဆိုရှင် ဒေါ်နန်းဝါနုရဲ့ရှင်းလင်းချက်မှာပဲ သမ္မတနဲ့ဆိုင်တဲ့ကိစ္စဖြစ်တဲ့အတွက် အဆိုမှာ နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အဆိုပြုပြီးတော့ ထပ်မံဖြည့်ဆည်းဖို့လိုအပ်ပါတယ်။ တစ်ခါ ဒေါ်ခင်ဌေးကြွယ်၊ မော်လမြိုင်မဲဆန္ဒနယ်ရဲ့ဆွေးနွေးချက်ကပြန်လည်သုံးသပ်သင့်ပါပြီ။ ဥပဒေပြဋ္ဌာန်းမယ်ဆိုရင် အခက်အခဲတွေရှိနိုင်ပါတယ်ဆိုတဲ့ အဓိပ္ပာယ်ပါတဲ့ဆွေးနွေးမှုများဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ နိုင်ငံတော်ရှေ့နေချုပ်ရဲ့ ဆွေးနွေးချက်မှာလည်း ဒီလိုပဲပါပါတယ်။ ပြန်လည်သုံးသပ်သင့်ပါသည်။ ပြန်လည်သုံးသပ်သင့်ပါတယ်ဆိုတဲ့အတွက် ပြန်လည်သုံးသပ်စဉ်းစားသင့်ပါသည်ဆိုတဲ့ အနေအထားဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အဆိုရှင် ဒေါ်နန်းဝါနုကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ပြဋ္ဌာန်းချက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာကတော့ ဥပဒေအားလုံးအကျုံးဝင်အောင် ရေးဆွဲနိုင်ဖွယ်မရှိ။ မူသဘောကိုသာရေးဆွဲထားခြင်းဖြစ်ကြောင်း ပြောသလိုခေတ်အဆက်ဆက်က မြန်မာနိုင်ငံကိုအုပ်ချုပ်ခဲ့တဲ့ အစိုးရအဖွဲ့အစည်းလက်ထက်က အဆင့်လိုက်၊ အဆင့်လိုက် တာဝန်နှင့် လုပ်ပိုင်ခွင့်တွေကို တိကျစွာဆောင်ရွက်ပေးခဲ့တဲ့အတွက် အောင်မြင်ခဲ့တယ်။ အဆင်ပြေခဲ့တယ်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကပေးထားတဲ့ တိုင်းရင်းသားများရဲ့အခွင့်အရေးကို တိကျသောအကာအကွယ်ပေးတဲ့ဥပဒေများ မဆောင်ရွက်နိုင်ခဲ့တဲ့အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုလျော့နည်းခဲ့တယ်။ ပျက်ပြားခဲ့တယ်ဆိုတဲ့ အကြောင်းတွေလည်း ဖော်ပြသွားတာရှိပါတယ်။ တဖန် လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ပေးထားတဲ့ အခွင့်အရေးတွေကိုလည်း ပြည်သူများ ထိုနည်းတူစွာ နိုင်ငံတော်သမ္မတအနေနဲ့လည်း ဆောင်ရွက်ပေးရန်တာဝန်ရှိတယ်လို့ယူဆပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၂ ပုဒ်မခွဲ(က)မှာ ငွေရေးကြေးရေးမှအပ ကျန်တဲ့အုပ်ချုပ်မှုကိစ္စရပ်များကို ဥပဒေကဲ့သို့အာဏာတည်သောအမိန့်ကို သမ္မတက ထုတ်ဆင့်ခွင့်ရှိပါတယ်။ ဒါကြောင့်မို့လို့ အရေးတကြီးလိုအပ်တဲ့ အုပ်ချုပ်မှုဆိုင်ရာ အမိန့်များကို နိုင်ငံတော်သမ္မတကထုတ်ဆင့်ခွင့်ရှိသလို ပြည်ထောင်စုလွှတ်တော်ကလည်း

အတည်ပြုခွင့်နှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စများကိုလည်း အမိန့်ထုတ်ပြန်ခဲ့တာရှိပါတယ်။ အဲဒီအတိုင်းပဲ ဥပဒေပြုတယ်ဆိုတဲ့နေရာမှာလည်း လွှတ်တော်ကိုယ်စားလှယ်များကစတင်ပြုတဲ့ ဥပဒေရှိသလို သက်ဆိုင်ရာစီမံခန့်ခွဲရတဲ့ ပြည်ထောင်စုအဆင့်များကလည်းစတင်အဆိုပြုတဲ့ ဥပဒေကြမ်းများ တင်ပြနိုင်ခွင့်ရှိပါတယ်။ ဒါကြောင့်မို့လို့ ခြုံငုံသုံးသပ်ရရင် ဒေါ်ခင်ဌေးကြွယ်တို့ ပြည်ထောင်စုရှေ့နေချုပ်တို့က ပြန်လည်သုံးသပ်ပါဆိုရင် လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့သုံးသပ်ချက်တော့ ဒီနေ့ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားသောကိစ္စရပ်များကို တစ်နည်းအားဖြင့်ပြောမယ်ဆိုရင် ဒီနေ့အဆိုရှင်နှင့် ကျန်တဲ့ပုဂ္ဂိုလ်များဆွေးနွေးတင်ပြသွားတာက ပြည်ထောင်စုအစိုးရလုပ်ပိုင်ခွင့်နှင့် ပြည်နယ်နှင့် တိုင်းဝန်ကြီးချုပ်အစိုးရအဖွဲ့ရဲ့ လုပ်ပိုင်ခွင့်များကိုတိကျစွာပိုင်းခြားပြီး ဆောင်ရွက်မှသာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေကပေးထားသော အခွင့်အရေးများရရှိမှာဖြစ်ပြီး အုပ်ချုပ်မှုဆိုင်ရာအပါအဝင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိစ္စအတွက် လုပ်ငန်းဆောင်တာများဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် အမှန်တကယ်ပင် အဆိုပြုမှုနှင့်ပတ်သက်လို့ လိုအပ်နေကြောင်းတွေ့ရှိရပါတယ်။ ဒါသည် လွှတ်တော်ဥက္ကဋ္ဌရဲ့သုံးသပ်တင်ပြချက်ကို လွှတ်တော်ကိုပြန်လည်တင်ပြနေခြင်းပဲဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌရဲ့တာဝန်ဟာ ဥပဒေပြုတဲ့နေရာမှာ မှန်မှန်ကန်ကန်ပြုနိုင်ဖို့ နိုင်ငံနှင့်နိုင်ငံသားများရဲ့ အကျိုးစီပွားကိုဖြစ်ထွန်းစေသော ဥပဒေများဖြစ်နိုင်ဖို့ ထိုနည်းတူစွာပဲ တိုင်းရင်းသားအခွင့်အရေးများကို ကာကွယ်နိုင်သောဥပဒေများပေါ်ပေါက်နိုင်ဖို့ကိစ္စဟာ လွှတ်တော်ဥက္ကဋ္ဌမှာ အဓိကတာဝန်ရှိတယ်လို့မှတ်ယူတဲ့အတွက် လွှတ်တော်ကိုတင်ပြနေခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒေါ်နန်းဝါနု တင်သွင်းတဲ့အဆိုကို လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်တဲ့သူရှိပါသလား။ ကန့်ကွက်တဲ့သူမရှိတဲ့အတွက် ဒေါ်နန်းဝါနုရဲ့ အဆိုအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ⊞ဌ**။ ။ ဒီကနေ့အတွက် အစည်းအဝေးအစီအစဉ်မှာပါတဲ့ အစည်းအဝေးအစီအစဉ် များပြီးဆုံးပါပြီ။ ပြည်ထောင်စုအဆင့်ဝန်ကြီးပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသဝဏ်လွှာတစ်စောင်ရောက်ရှိလာပါတယ်။ ဒီသဝဏ်လွှာဟာ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့မှာ မိမိထံပေးပို့လာတာဖြစ်ပါတယ်။

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား စွဲချက်ပေးပို့ခြင်း**

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၄ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၂) အရ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ခြင်းနှင့် ပုဒ်မခွဲငယ် (၅) အရ ဥပဒေအရပေးအပ်သော တာဝန်များကို ကျေပွန်စွာမဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ယင်းတို့အားစွပ်စွဲပြစ်တင်သည့် အရေးတကြီးအဆိုကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၂ ဦးတို့ကလက်မှတ်ရေးထိုးပြီး ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင်ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၃) ရက်မြောက်နေ့တွင် ကိုယ်စားလှယ် ၁၆၂ ဦး၏ကိုယ်စားမန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မြင့်ဖေက အရေးတကြီးအဆိုအဖြစ်တင်သွင်းခဲ့ပါတယ်။

၂။ ယင်းအရေးတကြီးအဆိုနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အစည်းအဝေးတွင် လက်ခံဆွေးနွေးရန်သင့်၊ မသင့် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ရှိရင်းကိုယ်စားလှယ် ၂၃၃ ဦး အနက် သုံးပုံတစ်ပုံကျော်ဖြစ်သော ၁၅၆ ဦးကထောက်ခံသဖြင့် အရေးတကြီးအဆိုကိုဆွေးနွေးရန် သဘောတူခဲ့ပါသည်။ ဆွေးနွေးရန်အမည်စာရင်းတောင်းခံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦးက အမည်စာရင်းတင်သွင်းပြီး ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင်ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၄) ရက်မြောက်နေ့တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌအား လွှတ်တော်သို့ဖိတ်ကြားပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းစေခဲ့ပါသည်။ အရေးတကြီးအဆိုနှင့်စပ်လျဉ်း၍

လွှတ်တော်၏အတည်ပြုချက်ရယူရာ၌ ရှိရင်းလွှတ်တော်ကိုယ်စားလှယ် ၂၃၃ ဦးအနက် သုံးပုံနှစ်ပုံကျော်ဖြစ်သော ၁၆၃ ဦးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား စွပ်စွဲပြစ်တင်သည့် အဆိုကိုထောက်ခံဆန္ဒပြုခဲ့ကြသည်။

၃။ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၁ ပုဒ်မခွဲ(ဃ)အရ အဆိုပါအဆိုသည်အတည်ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်၏စွပ်စွဲချက်ကို ပြည်သူ့လွှတ်တော်က ဆက်လက်အရေးယူဆောင်ရွက်နိုင်ရန်အကြောင်းကြားပါသည်။

ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

**ပူးတွဲပါ-**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားစွပ်စွဲပြစ်တင်ရန် လွှတ်တော်ကိုယ်စားလှယ်များက သဘောတူလက်မှတ်ရေးထိုးမှုဇယား

ဒီဇယားရဲ့ထိပ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၄ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ခြင်း၊ ပုဒ်မခွဲငယ် (၅) ဥပဒေအရပေးအပ်ထားသော တာဝန်များကိုကျေပွန်စွာမဆောင်ရွက်နိုင်ခြင်းတို့အရ စွပ်စွဲပြစ်တင်ခြင်းပြုလုပ်ရန် သဘောတူကြပါသည်ဆိုပြီးတော့ သက်ဆိုင်ရာကိုယ်စားလှယ်များလက်မှတ်ရေးထိုးထားတာကို မိမိထံပေးပို့ခဲ့ပါတယ်။ ဒီပေးပို့လာတဲ့ သဝဏ်လွှာနှင့်အတူ မိမိတို့လွှတ်တော်ဘက်ကဆောင်ရွက်ရမယ့်ကိစ္စများကို ဆက်လက်ဆောင်ရွက်ဖို့ ရှိပါတယ်။ ဒါနှင့်ပတ်သက်ပြီးတော့ -

# ပြည်သူ့လွှတ်တော်အမိန့်အမှတ်(၁/၂၀၁၂)

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကိုစွပ်စွဲပြစ်တင်ခြင်းအတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းခြင်း

၁။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင်ကျင်းပခဲ့သော ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၄) ရက်မြောက်နေ့တွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အားလုံးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၄ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂)နှင့် ပုဒ်မခွဲငယ်(၅)တို့အရ စွပ်စွဲပြစ်တင်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ အမျိုးသားလွှတ်တော်၏ဆုံးဖြတ်ချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၁ နှင့် ပုဒ်မ ၃၃၄ တို့ အရဆက်လက်အရေးယူဆောင်ရွက်ရန် အမျိုးသားလွှတ်တော်က ၂၉-၈-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၁၄/အမ(အစည်းအဝေး-၁)/၂/၂၀၁၂-၁၅(၄) တို့ဖြင့် ပြည်သူ့လွှတ်တော်သို့ပေးပို့လာပါသည်။

၃။ ပြည်သူ့လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၁ နှင့် ပုဒ်မ ၃၃၄ တို့အရ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအပေါ် အရေးယူဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံခြေခံဥပဒေနှင့်အညီဆောင်ရွက်နိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို အောက်ဖော်ပြပါပုဂ္ဂိုလ် များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| ၁။ | ဦးနန္ဒကျော်စွာ | ဥက္ကဋ္ဌ |
| ၂။ | ဦးတီခွန်မြတ် | အဖွဲ့ဝင် |
| ၃။ | သူရဦးအောင်ကို | အဖွဲ့ဝင် |
| ၄။ | ဒေါက်တာ စိုးရင် | အဖွဲ့ဝင် |
| ၅။ | ဦးသောင်း(မော်လိုက်မဲဆန္ဒနယ်) | အဖွဲ့ဝင် |
| ၆။ | ဦးဝင်းထိန် | အဖွဲ့ဝင် |
| ၇။ | ဦးဝင်းမြင့် (ပုသိမ်မဲဆန္ဒနယ်) | အဖွဲ့ဝင် |
| ၈။ | ဒေါ်ဒွဲဘူ | အဖွဲ့ဝင် |
| ၉။ | ဦးငွန်မောင်း | အဖွဲ့ဝင် |
| ၁၀။ | ဒေါ်နန်းဝါနု | အဖွဲ့ဝင် |
| ၁၁။ | ဦးဘာရှိန် | အဖွဲ့ဝင် |
| ၁၂။ | ဒေါ်မိမြင့်သန်း | အဖွဲ့ဝင် |

၁၃။ ဒေါ်နန်းစေအွာ အဖွဲ့ဝင်

၁၄။ ဒေါ်တင်နွယ်ဦး အဖွဲ့ဝင်

၁၅။ ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်) အဖွဲ့ဝင်

တို့ဖြစ်ကြပါတယ်။

၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သတ်မှတ်ပေးထားသည့်အတိုင်း လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

၅။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ယခုအချိန်မှ ယခုအမိန့်ထုတ်ပြန်ပြီးသည့်အချိန်မှစတင်၍ဆောင်ရွက်ရမည်။

သူရရွှေမန်း

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

ဒါကြောင့် အခုဖော်ပြခဲ့သော စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များဟာ လွှတ်တော်ပြီးဆုံးချိန်မှ စတင်ပြီး လုပ်ငန်းများဆောင်ရွက်သွားဖို့ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၆) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ဒီနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၆) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် (ကြာသပတေးနေ့) ၁၀း၀၀ နာရီအချိန်မှာဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စုံစမ်းစစ်ဆေးဖို့ ဖွဲ့စည်းထားတဲ့ကိုယ်စားလှယ်များ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ရုံးကို လိုက်ပါဆောင်ရွက်ဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၄ း ၂၀ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များခန်းမအတွင်းမှ ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၃၅ ရက်မြောက်နေ့ကို ၁၄း၂၀ နာရီအချိန်တွင် ရပ်နားပါသည်။ ]